နည်းပညာ မျှဝေခံစားခြင်း နှင့် စိမ်းလန်းသော လူမှုဘဝများဆီသို့

ကိုးကိုး

အင်တာနက်မှတစ်ဆင့် နိုင်ငံခြားဖုန်းကို
တိုက်ရိုက်ဆက်သွယ်ခြင်း

# skype
# အသုံးပြုနည်း

စုကြည်ထွေး





## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အဖဦးကြည်ညွန့်နှင့် အမိဒေါ်ညွန့်ညွန့်ထွေးတို့မှ ၂၃-၅-၁၉၈၉ ခုနှစ်တွင် ရှမ်းပြည်နယ်ဒေသကြီး၊ ကလောမြို့၌ မွေးဖွားခဲ့သည်။ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ဖြစ်သည်။

ကလောမြို့၊ အ. ထ. က(၁)မှ အထက်တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ B.A (Eng)ဘွဲ့ ရရှိခဲ့ပြီး Computer Technology, Computer Programming, Visual Bacic Programming, Web Technolgy, Essential of E-Commerce အထူးပြုဘာသာရပ်များဖြင့် Diploma in IT ဘွဲ့ကို ရရှိခဲ့သည်။

International Computer Business Academy တွင် လက်ထောက်နည်းပြအဖြစ်လည်းကောင်း၊ Excellent Internet Center တွင် အချိန်ပိုင်းနည်းပြအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

Knowledge Bridge မဂ္ဂဇင်းတွင် နည်းပညာနှင့် ပတ်သက်သော ဆောင်းပါးများကို ရေးသားခဲ့သည်။

ယခု **"Skype အသုံးပြုနည်း"** စာအုပ်မှာ စာရေးသူ၏ ဒုတိယမြောက် နည်းပညာစာအုပ် ဖြစ်ပြီး ပထမဆုံးစာအုပ်မှာ **"Facebook အသုံးပြုနည်း"** ဖြစ်သည်။

နည်းပညာနှင့် ပတ်သက်သော ဆောင်းပါးများ၊ စာအုပ်များကို ဆက်လက်ရေးသားလျက်ရှိနေပြီး လောကသရဖူ စာအုပ်တိုက်မှပင် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

## မာတိကာ


- ▪ ထုတ်ဝေသူအမှာ ၇
1. မိတ်ဆက် ၈
2. Skype ၏ သမိုင်းကြောင်း ၁၁
3. Skype ဆော့ဖ်ဝဲကို အင်တာနက်မှ အခမဲ့ဒေါင်းလုတ်ဆွဲခြင်း ၁၅
4. Skype ဆော့ဖ်ဝဲကို Install ပြုလုပ်နည်း ၂၂
5. Skype အကောင့်သစ်တစ်ခု ဖန်တီးခြင်း ၂၇
6. Skype တွင် ဝိုက်ဆံထည့်နည်း ၃၃
7. Skype Profile ပြင်ဆင်ခြင်း ၄၃
8. Skype Account ၏ Password ပြောင်းခြင်း ၄၉
9. Skype တွင် ဘာသာစကားပြောင်း၍ အသုံးပြုခြင်း ၅၃
10. Skype အသုံးပြုရာတွင် သိထားသင့်သည့်နေရာများ ၅၇
11. Testing Call နှင့် ဖုန်းစမ်းသပ်ခေါ်ဆိုခြင်း ၆၂
12. နိုင်ငံခြား ဖုန်းနံပါတ်ကို တိုက်ရိုက်ခေါ်၍ စကားပြောခြင်း ၆၇
13. ခေါ်ပြီးသားဖုန်းနံပါတ်ကို ပြန်ခေါ်ခြင်း ၇၀
14. Phone Number ကို Contact List တွင် ပေါင်းထည့်ခြင်း ၇၅
15. Contact Lists တွင် သူငယ်ချင်းများ ပေါင်းထည့်ခြင်း ၇၈
16. Contact Lists တွင်ရှိသော သူများနှင့် စကားပြောခြင်း ၈၂
17. Facebook (or) Mail မှသူငယ်ချင်းများ ပေါင်းထည့်ခြင်း ၈၆

18. ရုပ်ပါမြင်အောင် Video Call နှင့် အသုံးပြုခြင်း ၉၁
19. Group ဖွဲ့ပြီး Video Call အသုံးပြုခြင်း ၉၄
20. Group ဖွဲ့ပြီး Conference Call အသုံးပြုနည်း ၁၀၀
21. SMS & Instant messages ပေးပို့ခြင်း ၁၀၆
22. Privacy Settings ကို control လုပ်ခြင်း ၁၁၂
23. History ကို Manage လုပ်ခြင်း ၁၁၆
24. Contact List မှသူကို Block လုပ်ခြင်း ၁၁၉
25. Block လုပ်ထားသူအား Unblock ပြန်လုပ်ခြင်း ၁၂၃
26. Screen ကို Share လုပ်ခြင်း ၁၂၆
27. Connection Setting ချိန်ညှိခြင်း ၁၃၀
28. Phone Call အတွက် အသံ Voice setting ချိန်ညှိခြင်း ၁၃၄
29. Video Call အတွက် ရုပ် Video setting ချိန်ညှိခြင်း ၁၃၆
30. Skype ကို Portable လုပ်၍ အသုံးပြုခြင်း ၁၄၁
31. Skpe အသုံးပြုဖို့အတွက် Hardware လိုအပ်ချက် ၁၄၈

## ထုတ်ဝေသူအမှာ

ယခုစာအုပ်ဟာ ကျွန်တော့်စာအုပ်တိုက်က ထုတ်ဝေတဲ့ (၁၉) အုပ်မြောက်စာအုပ် ဖြစ်ပါတယ်။ ဆရာမ စုကြည်ထွေးဟာ ပထမဆုံးရေးသားထုတ်ဝေတဲ့ **"Facebook အသုံးပြုနည်း"** စာအုပ်တစ်အုပ်တည်းနဲ့ပင် လူသိများပြီး ပရိသတ်အားပေးမှုကို ရရှိခဲ့ပါတယ်။

ဒါကြောင့် ဆရာမကို ဒုတိယမြောက် တစ်အုပ် ဆက်လက်ရေးသားပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ သူကလည်း လိုလိုချင်ချင်ပဲ ယခု **"Skype အသုံးပြုနည်း"** စာအုပ်ကို ရေးသားနေပြီဖြစ်ကြောင်း၊ မကြာခင် လက်စသတ်တော့မှာ ဖြစ်ကြောင်း အီးမေးလ်ဖြင့် အကြောင်းပြန်လာပါတယ်။

Skype ဆိုတာ အင်တာနက်ကတစ်ဆင့် နိုင်ငံခြားကို ဈေး သက်သက်သာသာနဲ့ ဖုန်းခေါ်ဆိုနိုင်တဲ့ ဆော့ဖ်ဝဲတစ်ခု ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကတည်းက စတင်ပေါ်ခဲ့ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ၂၀၀၆ ခုနှစ်မှာ စမ်းသုံးဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ပထမဆုံး အကောင့် စဖွင့်ဖွင့်ချင်း တစ်လမှာ အခမဲ့စမ်းသုံးခွင့် ပြုပါတယ်။ တစ်လနောက်ပိုင်းမှာတော့ ကျသင့်ငွေ အနည်းငယ် ပေးသွင်းရမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် လည်း ကျသင့်ငွေပမာဏက အတော်လေးနည်းပါတယ်။

အခု ဒီဆော့ဖ်ဝဲလေးကို စာဖတ်ပရိသတ်နဲ့ မိတ်ဆက် ပေးမယ်ဆိုတော့ တော်တော်ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ငွေကုန်ကြေးကျသက်သာစွာနဲ့ ရပ်ဝေးရောက်မိတ်ဆွေ၊ မိသားစုတွေကို အဆင်ပြေပြေ ဆက်သွယ်ပြောဆိုနိုင်လို့ ဖြစ်ပါတယ်။ စာဖတ်ပရိသတ်အနေနဲ့ လည်း နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မင်းမင်းဇော်**
(လောကသရုပ် စာအုပ်တိုက်)

# အခန်း (၁)



# မိတ်ဆက်

## မိတ်ဆက်

Skype (စကိုက်ပ်) ဆိုသည်မှာ အင်တာနက် ကွန်နက်ရှင်ကို အသုံးပြု၍ ဖုန်းနှင့် အဆက်အသွယ် ပြုလုပ်တဲ့နေရာတွေမှာ ခေါ်ဆိုခ ဈေးနှုန်း အလွန်သက်သာပြီး သုံးစွဲသူတွေအတွက် အင်မတန် အသုံးဝင်တဲ့ ဆော့ဖ်ဝဲတစ်ခုပဲ ဖြစ်ပါတယ်။ အင်တာနက် ကွန်နက်ရှင်ရှိတဲ့ နေရာဘယ်နေရာမှာမဆို Skype ဆော့ဖ်ဝဲရှိတာနဲ့ အသုံးပြုနိုင်ပါတယ်။ Skype ဆော့ဖ်ဝဲကိုလည်း သူ့ရဲ့ ဝက်ဘ်ဆိုက်မှာ အခမဲ့ Download ဆွဲယူနိုင်ပါတယ်။ အခုနောက်ပိုင်းဆိုရင် ဖုန်းဟမ်းဆက်တွေမှာတောင် install လုပ်ပြီးတော့ တိုက်ရိုက်ခေါ်ယူ သုံးစွဲနိုင်နေပြီ ဖြစ်ပါတယ်။

Skype ဆော့ဖ်ဝဲကို ၂၀၀၃ ခုနှစ်ကတည်းက စတင်တီထွင်ထုတ်လွှင့်ခဲ့ပါတယ်။ စတင်ထုတ်လွှင့်ခါစက Features တွေ မပြည့်စုံတဲ့အတွက် အသုံးနည်းခဲ့ပေမယ့် ဒီနောက်ပိုင်း သူ့ရဲ့အသုံးဝင်ပုံ၊ ခေါ်ဆိုခနှုန်းထားတွေ သက်သာတာတွေကြောင့် နိုင်ငံခြားကို ဖုန်းခေါ်ဆိုရင် ဒါနဲ့ပဲ အသုံးပြုကြတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲကို အသုံးပြုတဲ့အခါမှာလည်း အင်တာနက် အခြေခံနည်းနည်းပါးပါး သုံးတတ်ရုံနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

မိသားစုဝင် ဒါမှမဟုတ် ကိုယ်ချစ်ခင်တဲ့သူတစ်ယောက်ယောက် နိုင်ငံရပ်ခြားမှာ သွားရောက် ပညာသင်ကြားသည်ဖြစ်စေ၊ အလုပ်အကိုင်နှင့် သွားရောက်လုပ်သည်ဖြစ်စေ ကိုယ့်နိုင်ငံလေဆိပ်မှ ထွက်ခွာသွားချိန်မှစတင်ပြီး ကျန်ရစ်သူများမှာ အလုပ်ကော အဆင်မှပြေပါ့မလား၊ စိတ်တွေများ ဆင်းရဲနေမလား၊ နေရေးစားရေးအဆင်ပြေပါ့မလား စတဲ့ အသေးအဖွဲမှအစ စိတ်ပူတတ်သည်မှာ သဘာဝပါ။

ဤတွင် အဆက်အသွယ်ပြုဖို့အတွက် ကြားခံပစ္စည်းတစ်ခုဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒီလို အဆက်အသွယ်ပြုဖို့အတွက်ဆိုရင်တော့ Skype ဆိုတဲ့ ဆော့ဖ်ဝဲကို အသုံးပြုပြီးတော့ ဖုန်းခေါ်ခြင်းဟာ အတော်ကို အဆင်ပြေနိုင်ပါတယ်။ ဖုန်းခေါ်ဆိုခနှုန်းထားတွေကလည်း အရမ်းကို သက်သာတဲ့အတွက် အသင့်တော်ဆုံးရွေးချယ်မှုတစ်ခုပဲလို့ ထင်ပါတယ်။ ယခုခေတ် လူငယ်တော်တော်များများကတော့ အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ကြပါတယ်။ ဒါပေမယ့် ဖုန်းနဲ့ တိုက်ရိုက်ဆက်သွယ်ပြောဆိုဖို့အတွက်မှာတော့ ယခုအချိန်ထိ အင်တာနက်ဆိုင်များကိုသာ အားကိုးတက်ကြတာကို တွေ့ရပါတယ်။ တချို့သော နည်းပညာနဲ့ အလှမ်းဝေးတဲ့ လူကြီးများအတွက် ဆိုပိုပြီးတောင် အဆင်မပြေဖြစ်တတ်ကြပါသေးသည်။

ဒီလို နည်းပညာအဟန့်အတားတွေကို ကျော်ဖြတ်ဖို့ ကိုယ်တိုင်ကိုယ်ကျ အင်တာနက်ကို အသုံးပြုပြီး အင်တာနက်မှ ဖုန်းကို ငွေကြေးအနည်းငယ်နဲ့ တိုက်ရိုက်ဆက်သွယ်နည်း (Skype အသုံးပြုနည်း)ကို တင်ပြလိုက်ရပါတယ်။

**စုကြည်ထွေး**

# အခန်း (၂)



# Skype သမိုင်းကြောင်း

## Skype သမိုင်းကြောင်း

အစကနဦးပိုင်း Skype Software ကို ပိုင်ဆိုင်ပြီး တီထွင်ခဲ့တဲ့သူကတော့ Niklas Zennstrom နဲ့ Janus Friis တို့ နှစ်ဦးပဲ ဖြစ်ပါတယ်။ သူတို့ တီထွင်ဆန်းသစ်မှုတွေကို ၂၀၀၃ ခုနှစ်ရောက်တဲ့ အခါမှာတော့ User တွေလက်ထဲသို့ ထည့်ပေးပြီး ဖုန်းခေါ်တာကို စတင်ခဲ့ကြပါတယ်။ Internet Connection ကို အသုံးပြုပြီးတော့ Skype Account ရှိသူအချင်းချင်း Chatting ထိုင်ပြီး ဆက်သွယ်အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် User Interface မဖြစ်တဲ့အတွက် သုံးစွဲတဲ့သူက နည်းပါးပြီး မအောင်မြင်ခဲ့ပါဘူး။

၂၀၀၅ ခုနှစ် ရောက်တဲ့အခါမှာတော့ Online လောကရဲ့ အရောင်းပိုင်းဆိုင်ရာကို လက်ဝါးကြီးအုပ်ထားတဲ့ ebay က သူ့ရဲ့အသုံးဝင်မှုကို သတိထားမိပြီး Founder နှစ်ဦးဆီမှ Skype Software ကို ဝယ်ယူခဲ့ပါတယ်။ ebay မှ ဝယ်ယူတဲ့ အချိန်မှာတော့ Skype ကို တရုတ်နိုင်ငံက banned တားခံရပြီး တိုက်ခိုက်မှုတွေကိုလည်း အဆက်မပြတ် ကြုံတွေ့ခဲ့ ရပါတယ်။ အခက်အခဲကြားမှပင် ၂၀၀၅ ခုနှစ် အဆုံးပိုင်း၊ ၂၀၀၆ ခုနှစ် အစပိုင်းလောက် ရောက်တဲ့အခါမှာတော့ Skype





က အနည်းငယ် တိုးတက်လာတာကို တွေ့ရှိရပါတယ်။ တစ်ဖက်နဲ့ တစ်ဖက်က ရုပ်ပါမြင်ပြီး စကားပြောနိုင်တဲ့ အဆင့်ကို တက်လာနိုင်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ် ရောက်တဲ့အခါမှာတော့ Window Computer တွေအတွက် Skype version 3 Version အဆင့်ကို မြင့်လာနိုင်ပြီး Mac computer အတွက်ကိုတော့ Version 2 ကို မိတ်ဆက် ပေးနိုင်ခဲ့ပါတယ်။ အဲ့ဒီ ၂၀၀၆ ခုနှစ်မှာပဲ Skype ကို အသုံးပြုတဲ့ user က တိုးမြင့်လာတာဟာ 100 million ထိရှိလာတာကို Skype research တွေအရ တွေ့ရှိရပါတယ်။

၂၀၀၇ ခုနှစ် တစ်နှစ်လုံး အတွင်းမှာတော့ Skype အနေနဲ့ အခက်အခဲများစွာနဲ့ ကြုံနေခဲ့ရပါတယ်။ System ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေ ခံနေရပါတယ်။ ဒါပေမယ့်လည်း စမ်းသပ်တီထွင်မှုတွေနဲ့ Features အသစ်တွေနဲ့အတူ Version အသစ်တွေဖြစ်တဲ့ Version 3.1, 3.2 နဲ့ 3.5 ကို User တွေလက်ထဲသို့ ထည့်ပေးနိုင်ခဲ့ပါတယ်။ Version အသစ်တွေမှာတော့ Phone Call redial ခေါ်တာ၊ Search နဲ့ ခေါ်ဆိုနိုင်တာတွေ၊ Chat Content တွေလည်း ပါဝင်လာပါတယ်။

၂၀၀၈ ခုနှစ်မှာတော့ ebay company နဲ့ Skype Founder နှစ်ယောက်ကြားမှာ ပဋိပက္ခတွေ ဖြစ်လာပြီး Silverman ဆိုတဲ့သူက Skype ကို တည်ငြိမ်အောင် ပြန်ထိန်းပေးတာ CEO အဖြစ် တာဝန်ယူထိန်းသိမ်းပေးထားပါတယ်။ နောက်ပိုင်း Skype Software ကို စတင်တီထွင်ကတည်းကစပြီး Version တစ်ခုထက် တစ်ခုပိုပြီး Features စုံစုံလင်လင် သုံးလာတဲ့အတွက် သုံးစွဲသူတွေအတွက် ပိုမိုအဆင်ပြေလာတာကိုလည်း တွေ့ရှိရပါတယ်။

၂၀၀၉ ခုနှစ် ရောက်တဲ့အခါမှာတော့ ebay က သူပိုင်ဆိုင်ထားတဲ့ Share Percentage တွေထဲက 70% ကို အခြားလူတွေဆီကို စတင်ရောင်းချခဲ့ပါတယ်။ ပိုပြီးထူးခြားသွားတာက ဆန်းသစ်တဲ့ တီထွင်မှုနဲ့အတူ iPhone အတွက် Application အသစ်တွေ ထပ်ဖြည့်ပေးထားပြီး

Android Phone တွေအတွက်လည်း အသုံးပြုနိုင်တဲ့ Application တွေကိုပါ ထပ်ဖြည့်ထားတာကို တွေ့ရပါတယ်။ ဒီ ၂၀၀၉ ခုနှစ်အတွင်းမှာကိုပဲ Skype 4.0 ကိုပါ တီထွင်ထားပြီး quality ကောင်းကောင်းနဲ့ Video chatting အသုံးပြုနိုင်ပြီး Full Screen နဲ့ပြောနိုင်တဲ့ Version ထိကို ထုတ်လွှင့်နိုင်တာကို တွေ့ရှိရပါတယ်။ အစပထမပိုင်းမှာ Skype ကို အသုံးပြုတဲ့သူ နည်းပေမယ့်လည်း နောက်ပိုင်း ရောက်လာတဲ့ အခါမှာတော့ သုံးစွဲသူ အတော်များလာတာကို တွေ့ရပါတယ်။ ၂၀၁၀ ခုနှစ် ရောက်တဲ့ အခါမှာလည်း Skype ဟာ ဖြည်းဖြည်း မှန်မှန်နဲ့အတူ Skype Version 5.0 ကို ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာ iPhone application တွေကို တိုးပြီး ထွင်လာပြီး 3G Network တွေမှာပါ အသုံးပြုလာနိုင်ပါတယ်။

မေလ၊ ၂၀၁၁ ခုနှစ်မှာတော့ Microsoft Company မှ ဒေါ်လာ US$8.5 billion နဲ့ ဝယ်ယူပိုင်ဆိုင်ပြီး စီမံခန့်ခွဲမှုများ လုပ်ဆောင်ခဲ့ပါတယ်။ အခုလက်ရှိ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာဆိုရင် Version 5.7.0.123 Beta ကို ထုတ်လွှင့်ပြီး ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ Skype မှ Features File transfer, Video conferencing နဲ့ G-Talk ကဲ့သို့ အသုံးပြုသူတွေ လွယ်ကူစေမည့် Features အသစ်တွေကို ထပ်မံ ဖြည့်စွက်ခဲ့တဲ့အတွက် ပိုပြီးတော့ အသုံးဝင် အဆင်ပြေလာစေပါတယ်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ၏ မှတ်တမ်းအရ Skype ကို အသုံးပြုသူ အရေအတွက်ဟာ 663 million ထိအောင် ရှိခဲ့ပါတယ်။ အခုလက်ရှိမှာတော့ Skype ကို အသုံးပြုကြတဲ့သူတွေဟာ အဆင်ပြေပြေ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။

# အခန်း (၃)



## skype ဆော့ဖ်ဝဲလ်ကို အင်တာနက်မှ အခမဲ့ ဒေါင်းလုတ်ဆွဲခြင်း

## Skype ဆော့ဖ်ဝဲကို အင်တာနက်မှ အခမဲ့ Download ဆွဲယူခြင်း

Skype ဆော့ဖ်ဝဲကို စတင်အသုံးပြုဖို့အတွက် Skype ကို အင်တာနက်ကနေ အရင်ဆွဲယူရပါမယ်။ ဒေါင်းလုတ်ဆွဲရတာကြာလို့ မဆွဲချင်ဘူးဆိုရင်လည်း ဆော့ဖ်ဝဲစီဒီ ရောင်းတဲ့ဆိုင်တွေမှာ လိုချင်တဲ့ Version ကို မေးပြီးဝယ်နိုင်ပါတယ်။ အခုတော့ အင်တာနက်ကနေ အခမဲ့ ရနိုင်တဲ့နေရာကနေ ဆော့ဖ်ဝဲကို ဒေါင်းလုတ်ဆွဲကြည့်ပါမယ်။ အခမဲ့ ရနိုင်တဲ့နေရာတွေကတော့ အများကြီးပါ။ ဒါပေမယ့်လွယ်ကူတဲ့ Link တွေကို ဖော်ပြပေးလိုက်ပါတယ်။

အခုတစ်နည်းကတော့ အလွယ်ကူဆုံးနည်းလေး တစ်ခုဖြစ်လို့ ဖော်ပြပေးလိုက်ပါတယ်။ ကိုယ်အသုံးပြုနေကျ Browser ကို ဖွင့်လိုက်ပါ။ New Tab ခေါ်ပြီးသွားပြီဆိုလျှင် http://www.filehippo.com/download_skype/ ကို ရိုက်ထည့်လိုက်ပါ။

Fig-3-1 မှ ပုံအတိုင်း Skype ဒေါင်းလုတ်ဆွဲရမယ့် Web page





ကျလာတာကို တွေ့ရပါလိမ့်မယ်။ အခုနောက်ဆုံး Version ဖြစ်တဲ့ Skype 5.7.0.137 Beta ကို ဒေါင်းလုတ် လုပ်ခွင့်ပေးထားတာကိုတော့ ရမှာပါ။ တကယ်လို့ ကိုယ်က Version 5.6 ကိုပဲ သုံးချင်တယ်ဆိုရင် တော့ အောက် Skype version တွေထဲက ထပ်မံရွေးချယ်နိုင်ပါတယ်။





*Fig-3-1*

ရွေးပြီးသွားရင် Fig-3-1 တွင် ပြထားသည့်အတိုင်း Version ဘေးမှ ဒေါင်းလုတ် Button အစိမ်းရောင် Free Download ဆိုတာကို တစ်ချက် ကလစ်လိုက်ပါ။

Download Button ကို ကလစ်လိုက်တဲ့အချိန်မှာတော့ Fig-3-2





*Fig-3-2*

လောကသရုပ္ပစာအုပ်တိုက်

မှာ တွေ့ရတဲ့အတိုင်း SkypeSetup.exe File ကို Save လုပ်ဖို့အတွက် Box တစ်ခုကျလာတာကို တွေ့ရပါလိမ့်မယ်။ Opening SkypSetup.exe ဆိုတဲ့ Box မှ Save File ကို တစ်ချက်ကလစ်လိုက်ပါ။

Save File ကို ကလစ်လိုက်တဲ့အခါမှာတော့ set up file ကို ဒေါင်းလုတ်ဆွဲချနေတဲ့ Fig-3-3 မှ ပုံအတိုင်းမြင်တွေ့ရမှာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ဒါဟာ Software အစစ်အမှန်ကို ဒေါင်းလုတ်ချနေသေးတာ မဟုတ်တဲ့အတွက် File Size က သေးပါတယ်။ ဒီ exe file





*Fig-3-3*

ကို run တဲ့ အချိန် အင်တာနက် connection ကောင်းတဲ့အခါမှာ ဆော့ဖ်ဝဲကို ထပ်ပြီး ဒေါင်းလုတ်ချဦးမှာ ဖြစ်ပါတယ်။ ဒီအဆင့်မှာတော့ အင်တာနက် Connceion နည်းနည်းအဆင်ပြေတာနဲ့ ချက်ချင်း ဒေါင်းလုတ်ဆွဲပြီးသွားတာကို တွေ့ရပါမယ်။

ဒေါင်းလုတ်ဆွဲတာ ပြီးသွားရင်တော့ Skype ကို Install လုပ်ဖို့အတွက် exe file ကို Double click နှိပ်ပြီး Run လိုက်ပါ။ File ကို ဖွင့်လိုက်တဲ့အခါမှာတော့ Fig-3-4 မှာတွေ့ရတဲ့ပုံအတိုင်း Run ကို








*Fig-3-4*

တစ်ချက် ကလစ်ပေးလိုက်ပါ။

Run လိုက်ရင် Fig-3-5 မှာ မြင်ရတဲ့အတိုင်း Installing skype ဆိုပြီး ပထမအဆင့် Install လုပ်ရမယ့် Box ကို တွေ့ရပါလိမ့်မယ်။ ဒီအဆင့်မှာ ကိုယ်အသုံးပြုမယ့် Language setting ကို ရွေးထားခဲ့လို့ရပါတယ်။ Install လုပ်တဲ့အခါမှာ အမြဲတမ်း General အနေနဲ့ English




*Fig-3-5*

ပဲ ဝင်နေမှာပါ။ အခု Language ကို ဒီတိုင်း Install လုပ်လိုက်လည်း ရပါတယ်။ နောက်ပိုင်းကျမှ တခြား Language တွေကိုလည်း ပြန်ပြင် ပြောင်းသုံးနိုင်ပါတယ်။ ပြီးရင်တော့ I Agree - Next ကို တစ်ချက် ကလစ်ပေးလိုက်ပါ။





*Fig-3-6*

Agree လုပ်ပြီးသွားတဲ့အခါမှာ Skype ကုမ္ပဏီရဲ့ ကြော်ငြာအနေနဲ့ Page တစ်ခုကို တွေ့ရမှာပါ။ အဲ့ဒီနေရာမှာ Fig-3-6 မှာ ပြထားတဲ့ အတိုင်း Install Skype click to call ကို အမှန်ခြစ်လေးခြစ်ပေးပြီး Continue ကို တစ်ချက်ကလစ်လိုက်ပါ။

Continue ကို ကလစ်လိုက်တဲ့အချိန်မှာ Skype install လုပ်ဖို့ အတွက် Loading တက်နေတာကို တွေ့ရပါလိမ့်မယ်။ Loading ပြီးသွားတဲ့ အချိန်မှာတော့ Skype ဆော့ဖ်ဝဲကို Skype Website မှ တိုက်ရိုက် ဒေါင်းလုတ်ချဖို့အတွက် Installer page ထွက်လာတာကိုလည်း တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ ကွဲပြားသွားတာက ဒေါင်းလုတ်မြန်နှုန်းကောင်းရင် ဒီ Page မကျဘဲ တန်းပြီး Install လုပ်ပေးသွားမှာပါ။ တကယ်လို့





ဆိုင်ကနေ CD ဝယ်ပြီး Install လုပ်လိုက်မယ်ဆိုရင်တော့ အပြည့်အစုံပါတာဖြစ်တဲ့အတွက် ဒေါင်းလုတ်ချစရာ မလိုပါဘူး။

အခု Fig-3-7 မှာ တွေ့ရတဲ့အတိုင်း Download Button ကို ကလစ် လိုက်တဲ့အချိန်မှာတော့ Skype ဆော့ဖ်ဝဲကို ဒေါင်းလုတ်ချတာ ပြီးသွား ပါလိမ့်မယ်။





*Fig-3-7*

http://www.filehippo.com/download_skype/

http://skype.en.softonic.com/

http://www.skype.com/intl/en/download/skype/windows/

အထက်ပါ Links တွေက အင်တာနက်မှာ အခမဲ့ ဒေါင်းလုတ် ဆွဲချနိုင်တဲ့ ဝက်ဘ်ဆိုက် Link တွေပဲ ဖြစ်ပါတယ်။

# အခန်း (၄)



# Skype ဆော့ဖ်ဝဲကို Install ပြုလုပ်နည်း

## Skype ဆော့ဖ်ဝဲကို Install ပြုလုပ်နည်း

Skype ဆော့ဖ်ဝဲကို ဒေါင်းလုတ်ဆွဲပြီးသွားတဲ့အခါ စတင် Install လုပ်လို့ရပါပြီ။ ဒေါင်းလုတ်ဆွဲချပြီးသွားရင် ကိုယ့်ကွန်ပျူတာရဲ့ တစ်နေရာရာမှာ Skype Installer File ကို တွေ့ရမှာ ဖြစ်ပါတယ်။ အခု Fig-4-1 မှာ တွေ့ရတဲ့အတိုင်း skypeSetupFull.exe file ကို Double click ကလစ်လိုက်ပါ။





*Fig-4-1*




Fig-4-2




Fig-4-3





Double Click နဲ့ exe File ကို Run လိုက်တဲ့အချိန်မှာတော့ Fig-4-2 မှာ တွေ့ရတဲ့အတိုင်း Skype Install လုပ်ခြင်း၏ ပထမဆုံးမြင်ကွင်းဖြစ်တဲ့ Hello စာသားကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအဆင့်မှာတော့ I agree – install ဆိုတဲ့ Button ကို တစ်ချက် ကလစ်လိုက်ပါ။

I agree – install ကို ကလစ်ပြီး နောက်တစ်ဆင့်မှာတော့ Google Toolbar တပ်ဆင် Install လုပ်ဖို့အတွက် Confirm တောင်းတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း Continue installing Skype Button ကိုပဲ တစ်ချက်ကလစ်သွားလိုက်ရင် အဆင်ပြေပါတယ်။

Install လုပ်လိုက်တဲ့အချိန်မှာတော့ အချိန်နည်းနည်း စောင့်ပေးရပါမယ်။ အချက်အလက် (Data) တွေကို ကွန်ပျူတာ System ထဲကို ပို့နေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ အချိန်နည်းနည်းစောင့်ပြီးသွားတဲ့ အခါမှာတော့ Thank you for installing Skype ဆိုတဲ့ စာသားနဲ့အတူ နိုင်ငံ




Fig-4-4

ခြားဖုန်းခေါ်တာကိုလည်း အဆင်သင့်သုံးလို့ရတဲ့ System ကို တွေ့ရမှာ ဖြစ်ပါတယ်။ Fig-4-4 မှာ တွေ့ရတဲ့အတိုင်း Start Skype ကို ကလစ် ပေးလိုက်ပါ။

Start Skype ကို ကလစ်လိုက်တဲ့အချိန်မှာ တန်းပြီးတော့ သုံးလို့ ရဦးမှာ မဟုတ်ပါဘူး။ သူ့ကို သုံးခွင့်ရရှိဖို့အတွက် တခြား Program တွေလိုမျိုးပဲ အကောင့်တစ်ခုရှိရမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အကောင့်တစ်ခု လုပ်ဆောင်ပြီးပြီဆိုရင်တော့ ကိုယ်ပိုင်အကောင့်ကို ပိုင်ဆိုင်တာနဲ့ Skype ကို အသုံးပြုလို့ရပြီ ဖြစ်ပါတယ်။




*Fig-4-5*

Fig-4-5 မှာ ပြထားတဲ့ပုံကတော့ Skype ဆော့ဖ်ဝဲကို install လုပ်ပြီးသွားလို့မြင်ရတဲ့ အကောင့်သစ်ဖန်တီးခြင်းအဆင့်အတွက် ပုံစံ (Form) ပေးထားခြင်းပဲ ဖြစ်ပါတယ်။

# အခန်း (၅)



# Skype အကောင့်သစ်တစ်ခု ဖန်တီးခြင်း

## Skype အကောင့်သစ်တစ်ခု ဖန်တီးခြင်း

Skype ကို အသုံးပြုဖို့အတွက် အကောင့်တစ်ခု ရှိရပါမယ်။ အခုဆော့ဖ်ဝဲကို ဒေါင်းလုတ်ဆွဲပြီး Install လည်း လုပ်ပြီးသွားပြီဖြစ်တဲ့ အတွက် ပထမဆုံး အကောင့်သစ်တစ်ခုကို ဖန်တီးပါမယ်။ Skype မှာ အကောင့်သစ်တစ်ခု လုပ်တာဟာ အရမ်းကိုလွယ်ကူပါတယ်။

ဒါပေမယ့် တချို့လူတွေအတွက် ပိုက်ဆံအကုန်အကျခံပြီး အကောင့်သစ်ကို သူများဆီမှာ လုပ်ခိုင်းရတာတွေကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် မကုန်သင့်တာ မကုန်ရအောင် လွယ်ကူတဲ့နည်းနဲ့ ကိုယ်တိုင်စမ်းသပ်စေချင်ပါတယ်။

ကွန်ပျူတာ ဖန်သားပြင်ပေါ်မှာရှိတဲ့ Skype Program ကို ဖွင့်လိုက်တာနဲ့ Fig-5-1 မှာ တွေ့ရတဲ့ပုံအတိုင်း မြင်ရပါလိမ့်မယ်။ အခု အကောင့် မရှိသေးတဲ့အတွက် Don't have a skype Name? ဆိုတာပေါ်ကို တစ်ချက်ကလစ်လိုက်ပါ။

Don't have a skype Name? ကို ကလစ်လိုက်တာနဲ့ Fig-5-2 မှာ တွေ့ရတဲ့ပုံအတိုင်း Skype - Create Account ဖန်တီးရမယ့် Box တစ်ခု ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ Create a New Skype



Account Box ရဲ့ အောက်မှာတော့ Form တစ်ခု ဖြည့်ပေးရပါမယ်။ Full Name ဆိုတဲ့ နေရာမှာ Skype Account အသုံးပြုဖို့အတွက် User name ကို ရိုက်ထည့်ပေးပါ။




*Fig-5-1*

Create Skype Name နေရာမှာတော့ Skype Account မှာ အသုံးပြုမယ့် User name ကို ရိုက်ထည့်ပေးလိုက်ရပါမယ်။ Password နေရာမှာ Skype အကောင့်အတွက် အသုံးပြုမည့် Password ကို ရိုက်ထည့်ပေးပါ။ Repeat Password နေရာမှာလည်း ဘေးမှာ ရိုက်ထည့်ထားတဲ့ Password ကိုပဲ မှန်မှန်ကန်ကန် ပြန်ရိုက်ထည့်ပေးပါ။

နောက်ထပ်အောက်မှာရှိတဲ့ Terms and Conditions Box ရဲ့ ရှေ့လေးထောင့် check box လေးကို အမှန်ခြစ်လေး ခြစ်ပေးခဲ့ပါ။ ပြီးရင်တော့ Next Button ကို ကလစ်ပြီး နောက်တစ်ဆင့်ကို သွားလိုက်ပါ။ Email Address ကို ဖြည့်ရမယ့်နေရာမှာတော့ ဘယ်မေးလ်ပဲဖြစ်ဖြစ် အသုံးပြုလို့ ရပါတယ်။

ဒါပေမယ့် ရိုက်ထည့်တဲ့အချိန်မှာတော့ E-mail Address အပြည့်အစုံ ရိုက်ထည့်ပေးရပါမယ်။ (Gmail, Yahoo mail) မျိုးစုံ အသုံးပြုနိုင်ပါတယ်။ Repeat Email မှာလည်း ဘေးမှာ ရိုက်ထည့်ထားတဲ့ Email ကိုပဲ ပြန်ရိုက်ထည့်လိုက်ပါမယ်။ Skype News တွေကို လက်ခံချင်တယ်ဆိုရင်တော့ Yes send me Skype News and special offers ရဲ့ Check box မှာ ကလစ်တစ်ချက် ကလစ်ပေးခဲ့ပါ။ ပြီးရင်တော့ Fig-5-2 မှာ တွေ့ရတဲ့အတိုင်း I agree-create account ဆိုတဲ့ Button ပေါ်ကို တစ်ချက်ကလစ်လိုက်ပါ။




*Fig-5-2*

Country/Region နေရာမှာတော့ Country ကို Country Down arrow ကနေ ရွေးပေးလိုက်ပါ။ City မှာတော့ ကိုယ်နေတဲ့ မြို့ရဲ့ နာမည်ကို ရိုက်ထည့်ပေးရပါမယ်။ Birthday ပေးထားချင်တယ်ဆိုရင်လည်း ရက်၊ လ၊ နှစ် ပေးထားခဲ့လို့ ရပါတယ်။ Skype အကောင့်ကို ဖန်တီးပြီးပြီးချင်း Sign in ဝင်ချင်တယ်ဆိုရင်တော့ Sign me in when skype start ကို တစ်ချက်ကလစ်ပေးလိုက်ပါ။ ဒါဆိုရင်တော့ အကုန်ပြီးလုနီးနီးရှိပါပြီ။ Fig-5-3 မှာ တွေ့ရတဲ့အတိုင်း OK ကို တစ်ချက်ကလစ်ပြီး အကောင့်ဖန်တီးခြင်းကို အောင်မြင်စွာ အဆုံးသတ်နိုင်ပါပြီ။








*Fig-5-3*

Fig-5-4 မှာ တွေ့ရတဲ့ပုံကတော့ အကောင့်ကို ဖန်တီး (Create) ပြီးပြီးချင်း Sign in ဝင်သွားတဲ့ပုံစံပါပဲ။ Skype အကောင့် နာမည် အချင်းချင်း စကားပြောဆိုနိုင်သလို ပိုက်ဆံသွင်းထားပြီးတော့လည်း ဖုန်းနဲ့ ခေါ်ဆိုခြင်းတွေ လုပ်ဆောင်နိုင်ပါပြီ။




*Fig-5-4*




*Fig-5-5*

Skype ကို အသုံးပြုပြီးသွားပြီဆိုရင်လည်း ဒီအတိုင်း Title Bar မှာ Close button နဲ့ တန်းပိတ်လိုက်လို့ မရပါဘူး။ တခြားသူတွေက ကိုယ့်အကောင့်ကို သုံးသွားပါလိမ့်မယ်။ Sign out ကို လုပ်ပေးခဲ့ရပါမယ်။ အကုန်သုံးပြီးသွားလို့ Sign out လုပ်ချင်တယ်ဆိုရင် Fig-5-5 မှာ တွေ့ရတဲ့အတိုင်း Skype menu မှ Sign out ကို ကလစ်ပြီးမှ ထွက်ဖို့ အရေးကြီးပါတယ်။

# အခန်း (၆)



# Skype တွင်ပိုက်ဆံထည့်နည်း

## Skype တွင် ပိုက်ဆံထည့်နည်း

Skype ကို အသုံးပြုတဲ့ အချိန်မှာ နိုင်ငံခြား Phone Call ခေါ်ဆိုဖို့ အတွက်ကိုတော့ ပိုက်ဆံထည့်ရမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခု အဆင်မပြေ ဖြစ်တာက Bank Account Money ရှိနေဖို့ လိုအပ်ပါတယ်။ Bank Number နဲ့ ပိုက်ဆံသွင်းပေးမှ ရမှာပါ။ တခြား Phone Software တွေလိုမျိုး Top Up Card လုပ်ပေးထားတဲ့ အစီအစဉ် မရှိပါဘူး။ ပိုက်ဆံ ထည့်သွင်းနည်းကလည်း လွယ်ကူပါတယ်။ Bank Account, Credit card, PayPal, Skype vouchers တွေနဲ့ ပိုက်ဆံထည့်သွင်း နိုင်ပါတယ်။ Bank Account ရှိတယ်ဆိုတာနဲ့ www.skype.com Website မှာ သွင်းလိုက်လို့ ရပါတယ်။

တကယ်လို့ Bank Account မရှိဘူးဆိုရင်တော့ မြန်မာနိုင်ငံမှာ တင်ကိုပဲ Pfingo, Skype အတွက် သီးသန့်ငွေလက်ခံ ဖြည့်ပေးနေတဲ့ ဝန်ဆောင်မှုမျိုးတွေလည်း ရှိပါတယ်။ ကွန်ပျူတာဆိုင်၊ အင်တာနက်ဆိုင် တွေမှာ ဆက်သွယ်စုံစမ်း နိုင်ပါတယ်။ ဆွေမျိုးသားချင်း၊ မိတ်ဆွေတွေ





ထဲမှာ Bank Account ရှိတယ် ဆိုရင်လည်း Skype Website မှာ လွယ်လွယ်ကူကူ ထည့်ခိုင်းလို့ ရပါတယ်။ အခုတော့ ACB Bank Card (Visa Bank Card) နဲ့ Skype ပိုက်ဆံကို ထည့်သွင်းကြည့်ပါမယ်။




*Fig-6-1*

မိမိကိုယ်ပိုင်အကောင့်မှာ ပိုက်ဆံထည့်သွင်းဖို့အတွက် ပထမဆုံး www.skype.com ကို Browser မှာ ရိုက်ထည့်လိုက်ပါ။ Fig-6-1 မှာ တွေ့ရတဲ့အတိုင်း Webpage ကျလာပြီဆိုရင် Sign In မှာ တစ်ချက်ကလစ်လိုက်ပါ။

Sign In Box ကို တစ်ချက်ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-6-2 တွင် တွေ့ရသည့်အတိုင်း Skype Name နဲ့ Password ရိုက်ထည့်ရမယ့်နေရာကို တွေ့ရမှာပါ။ အဲ့ဒီနေရာမှာ မိမိအကောင့်ကို ရိုက်ထည့်လိုက်ပါ။ ပြီးရင်တော့ Fig-6-2 တွင်ပြထားသည့် အတိုင်း Sign me In ကို ကလစ်ပေးလိုက်ပါ။

Account Log In ဝင်ပြီးသွားတဲ့ အချိန်မှာတော့ Sign In ဝင်သွားတဲ့ Account Page ရဲ့ အောက်ဖက်နားကို Scroll bar မှ ဆွဲလာလိုက်ပါ။




*Fig-6-2*

Fig-6-3 တွင် တွေ့ရတဲ့အတိုင်း Settings and extras ခေါင်းစဉ်နေရာအောက်တွင် Payment settings ကို တွေ့ရပါလိမ့်မယ်။ ပိုက်ဆံထည့်ဖို့အတွက် အဲ့ဒီ Payment settings ရဲ့ View Details ကို တစ်ချက်ကလစ်ပေးလိုက်ပါ။





*Fig-6-3*





Payment settings ရဲ့ View details ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-6-4 တွင် တွေ့ရသည့်အတိုင်း Buy Skype Credit ကိုပဲ တစ်ချက်ကလစ် ပေးလိုက်ပါ။





*Fig-6-4*

နောက်တစ်ဆင့် Buy Skype Credit ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-6-5 တွင် တွေ့ရသည့်အတိုင်း Skype မှာ ပိုက်ဆံထည့်ရမယ့် နေရာကို ရောက်လာတာကို တွေ့ရပါလိမ့်မယ်။ အခု Euro 1000 တန် Skype Card ကို ဝယ်ဖို့အတွက် Profile Form တစ်ခု ဖြည့်ပေးရပါမယ်။ Profile ကို ဖြည့်ပြီးသွားပြီ ဆိုရင်တော့ Fig-6-5 တွင် တွေ့ရသည့်အတိုင်း Next Button ကို တစ်ချက် ကလစ်ပေးလိုက်ပါ။

Profile ဖြည့်ပြီးသွားတဲ့ အချိန်မှာတော့ Payment method ကို ရွေးပေးရပါမယ်။ အခု ဒီမှာတော့ VISA Method နဲ့ ပိုက်ဆံဖြည့်မှာဖြစ်တဲ့အတွက် သူ့ရဲ့ Check box ကို တစ်ချက် ကလစ်ထားပါ။ Terms of service မှာလည်း သဘောတူကြောင့် အမှန်ခြစ်လေး ပေးခဲ့လိုက်ပါ။




*Fig-6-5*

ပြီးရင်တော့ Fig-6-6 မှာ တွေ့ရတဲ့အတိုင်း Next Button ကို တစ်ချက် ကလစ်ပေးလိုက်ပါ။

Next Button ကို ကလစ်လိုက်တဲ့ နောက်တစ်ဆင့်မှာတော့ Card Number နဲ့ Code Number ကို ရိုက်ထည့်ပေးရမယ့် နေရာကို တွေ့ရပါ




*Fig-6-6*





လိမ့်မယ်။ Name of card holder မှာ ဒီ VISA Card ရဲ့ ပိုင်ရှင်နာမည်ကို ရိုက်ထည့်ပေးပါ။ Credit card number မှာ မိမိရဲ့ Card Number ကို ပုံပါအတိုင်း ရိုက်ထည့်ပေးပါ။ Expires Date နဲ့ Year ကိုလည်း ရွေးပေးထားပါ။ ပြီးရင်တော့ Card Verification code ကို ရိုက်ထည့်ပေးပါ။ ပြီးရင်တော့ Buy Now ကို ကလစ်လိုက်တာနဲ့ မိမိ Skype အကောင့်ဟာ ပိုက်ဆံပြည့်သွားပါလိမ့်မယ်။



*Fig-6-7*

အခုလို ထည့်ပြီးသွားတဲ့ အချိန်မှာတော့ တစ်ကမ္ဘာလုံးကို Skype အသုံးပြုပြီးတော့ ဖုန်းဆက်လို့ ရပါပြီ။ အခု Fig-6-8 နဲ့ Fig-6-9 မှာတော့ VISA Card Sample ကို ပြထားပေးပါတယ်။ Card မှာပါတဲ့ Number တွေကို အထက်ပါအတိုင်း မှန်ကန်စွာ ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။




*Fig-6-8*




*Fig-6-9*

မြန်မာနိုင်ငံမှ အခေါ်များတဲ့ နိုင်ငံတွေကို ခေါ်ဆိုခနှုန်းထားတွေကိုလည်း ထည့်ပေးထားပါတယ်။ အင်တာနက်ဆိုင်တွေမှာ သွားပြောတာတွေထက် အဆပေါင်းများစွာ သက်သာတာကို တွေ့ရှိပါလိမ့်မယ်။





ဥပမာ - မြန်မာနိုင်ငံမှ ရန်ကုန်ကို Skype သုံးပြီး ဖုန်းခေါ်မယ်ဆိုရင် -2.3% ကုန်ကျမှာပါ။ အဲ့ဒါကို မြန်မာကျပ်ငွေနဲ့ ပြန်တွက်ကြည့်ရင် -

2.3 ¢ /100 × 800 (ယခုလက်ရှိ ဒေါ်လာပေါက်ဈေး)

=18.4 ကျပ်

အောက်တွင် ဖော်ပြထားတဲ့ Amount တွေကတော့ အခေါ်များတဲ့ နိုင်ငံတွေရဲ့ ကုန်ကျစရိတ်တွေပဲ ဖြစ်ပါတယ်။ အထက်ပါအတိုင်း တွက်၍ ကုန်ကျစရိတ်ကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။

| | |
|---|---|
| Australia | 2.3¢ |
| Bangladesh-Mobile | 13.8¢ |
| Cambodia | 30¢ |
| Cambodia - Mobile | 27¢ |
| Canada | 2.3¢ |
| Chile - Mobile | 22.9¢ |
| China | 2.3¢ |
| China - Mobile | 2.3¢ |
| Colombia | 9.8¢ |
| Congo | 44¢ |
| Cuba | 1.15¢ |
| Cyprus | 6.3¢ |
| Egypt | 18.8¢ |
| Ethiopia | 47¢ |
| France | 2.3¢ |
| Finland - Mobile | 20.8¢ |
| Germany | 2.3¢ |
| Greece | 2.3¢ |
| Haiti | 26.8¢ |

| | |
|---|---|
| Japan | 2.6¢ |
| Italy | 2.3¢ |
| Iraq | 39¢ |
| India - New Delhi | 9.2¢ |
| Hong Kong S.A.R., China | 2.3¢ |
| Korea, North | 70¢ |
| Korea, South | 2.3¢ |
| Malaysia - Mobile | 6.1¢ |
| Malaysia | 2.3¢ |
| New Zealand | 2.3¢ |
| Nepal | 35.2¢ |
| Mexico - Guadalajara | 3.5¢ |
| Norway | 2.3¢ |
| Pakistan | 14.5¢ |
| Philippines - Cebu | 19.8¢ |
| Singapore | 2.3 ¢ |
| Spain | 2.3¢ |
| Taiwan | 2.3¢ |

# အခန်း (၇)



# Skype Profile ပြင်ဆင်ခြင်း

# Skype Profile ပြင်ဆင်ခြင်း

Skype အကောင့်ကို သုံးတဲ့အခါမှာ ကိုယ့်ရဲ့ Profile ကိုလည်း ပြန်ပြင်နိုင်ပါတယ်။ ဒီ Profile ပြင်တဲ့ နေရာမှာ အပြည့်အစုံ ထည့်ထား ပြင်ဆင်ထားမယ်ဆိုရင် မိတ်ဆွေသူငယ်ချင်းတွေ အချင်းချင်း သူ့အကြောင်း ကိုယ့်အကြောင်း မြန်ဆန်စွာ သိနိုင်ပါတယ်။ skype website ကို အသုံးပြုပြီးတော့ Byname နဲ့ ရှာဖွေရတာလည်း ပိုမိုမြန်ဆန်နိုင်ပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေ မြင်သာတဲ့ Profile ကို ပြန်ပြင်ချင်၊ ပြန်ပြီး ထည့်ဖြည့်ချင်တယ်ဆိုရင်တော့ ပထမဆုံး Skype အကောင့်ကို Sign In ဝင်ထားလိုက်ပါ။ ပြီးလျှင် Fig-7-1 မှာ ပြထားတဲ့ အတိုင်း Skype Menu မှ Profile , Profile ထဲမှ Change your Picture ကို တစ်ချက် ကလစ်လိုက်ပါ။

Change Your Picture ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-7-2 မှာ တွေ့ရတဲ့အတိုင်း Profile Picture ကို update လုပ်နိုင်တဲ့ Box တစ်ခု ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ Fig-7-2 မှာ တွေ့ရတဲ့အတိုင်း









Fig-7-1




Fig-7-2

Profile Picture ထားချင်တဲ့ပုံကို Browse Button ကို တစ်ချက်ကလစ်ပြီး ရွေးပေးပါ။

Browse Button ကို ကလစ်လိုက်ရင်တော့ Choose your picture ဆိုတဲ့ Box နဲ့အတူ ပုံသွားရွေးပေးရမယ့် နေရာကို တွေ့ရပါလိမ့်




Fig-7-3

မယ်။ ကိုယ်သိမ်းထားတဲ့ပုံ တစ်ပုံပုံကို ရှာလိုက်ပါ။ ကိုယ့်ဓာတ်ပုံတင်ချင်တယ်ဆိုရင်လည်း သွားရွေးပေးလိုက်ပါ။ ကြိုက်တဲ့ပုံတွေ့ပြီဆိုရင် ပုံပေါ်မှာ Select မှတ်ပြီး Open Button မှာ ကလစ်ပေးလိုက်ပါ။ Fig-7-3 အတိုင်း တွေ့ရပါလိမ့်မယ်။

ပုံလေးကို ရွေးလိုက်ရင်တော့ Fig-7-4 မှာတွေ့ရတဲ့အတိုင်း Picture library ထဲမှာ ကိုယ်တိုင်ရွေးခဲ့တဲ့ ပုံကဝင်သွားတာကို တွေ့ရပါလိမ့်မယ်။ ဒီပုံကိုကြိုက်တယ်ဆိုရင်တော့ အောက်မှာရှိတဲ့ Apply Button ကို ကလစ်ပြီး OK ကို ထပ်ကလစ်ပေးလိုက်ပါ။ နောက်ထပ်ပုံကို ထပ်









Fig-7-4






Fig-7-5

ရွေးချင်တယ် ဆိုရင်လည်း Browse Button မှာပဲ ထပ်ကလစ်ပြီး Library ထဲကို ထပ်ထည့်ထားလို့ ရပါတယ်။ အခုတော့ ဒီပုံကို သဘောကျတဲ့ အတွက် OK ကို ကလစ်လိုက်ပါမယ်။

Profile Picture ထည့်ပြီးသွားတဲ့အချိန်မှာတော့ Profile တစ်ခုလုံး ကို ပြင်ဆင်နိုင်တဲ့နေရာဖြစ်တဲ့ Change your Profile နေရာကို ရောက် သွားတာကို ပုံ (Fig-7-5) အတိုင်း တွေ့ရပါလိမ့်မယ်။ အဲ့ဒီနေရာမှာ ကိုယ်ထည့်ချင်တဲ့ အကြောင်းအရာ၊ ကိုယ်ပေးချင်တဲ့ သတင်းအချက် အလက်၊ ဖုန်းနံပါတ် အစရှိတာတွေကို ထပ်ဖြည့်၊ ပြန်ပြင်တာတွေ လုပ်နိုင်ပါတယ်။

အားလုံး ပြင်ပြီးလို့ စိတ်တိုင်းကျပြီဆိုရင်တော့ အောက်မှာရှိတဲ့ Update ကို တစ်ချက်ကလစ်ပေးပြီး အတည်ပြုပေးလိုက်ပါ။ ဒီနေရာမှာ တော့ ကိုယ့်ရဲ့ သတင်းအချက်အလက်ကို စိတ်ကြိုက် Setting ပြင်ဆင် ထားလို့ရပါတယ်။ ဒါပေမယ့် ပြင်ပြီးသွားတဲ့အချိန်မှာ update button ကို ကလစ်ဖို့ မမေ့ခဲ့ပါနဲ့။ ဒီတိုင်းနောက်စာမျက်နှာတွေကို တန်းသွားရင် ကိုယ်ပြင်ထားတဲ့ profile တွေ အလကား ဖြစ်သွားပါလိမ့်မယ်။

# အခန်း (၈)



## Skype Account ၏ Password ပြောင်းခြင်း

# Skype Account ၏ Password ပြောင်းခြင်း

အင်တာနက်ကို အသုံးပြုတဲ့အခါမှာ အရေးကြီးဆုံးအရာတစ်ခုကတော့ Privacy ရှိရှိနဲ့ စနစ်တကျ အသုံးပြုတတ်ဖို့ပဲ ဖြစ်ပါတယ်။ ရိုးရိုးမေးလ်တွေ အသုံးပြုတဲ့ အချိန်မှာတောင် တစ်ခါတစ်လေ ကိုယ့်ရဲ့ကိုယ်ပိုင် Password တွေ အခိုးခံရတာ ရှိတတ်ပါတယ်။ ဒီလို Skype ကို သက်သက်သာသာနဲ့ ဖုန်းခေါ်လို့ရတယ်ဆိုပေမယ့် ကိုယ့်ပိုက်ဆံတွေ အလဟသ မကုန်သွားစေအောင် အရေးကြီးတဲ့ ကိုယ့် Password အပေါ်ကို မယုံသင်္ကာဖြစ်နေပြီဆိုရင် Password ပြောင်းဖို့ လိုအပ်လာပါပြီ။ ဒီလို Password ပြောင်းဖို့အတွက် အရင်ဆုံး User name နဲ့ Password ရိုက်ထည့်ပြီး Sign in ဝင်ထားပါ။ ဒီအချိန်ဝင်ထားတဲ့ Password က Password အဟောင်းကိုပဲ ဝင်ထားရဦးမှာ ဖြစ်ပါတယ်။ အဲ့ဒါမှ Log in ဝင်သွားမှာပါ။

Fig-8-1 တွင်တွေ့ရသည့်အတိုင်း Skype menu မှ Change Password ကို ကလစ်လိုက်ပါ။

Change Password ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-8-2 မှာ မြင်ရတဲ့အတိုင်း Change Password Box တစ်ခု ကျလာပါလိမ့်မယ်။ Enter Current password နေရာတွင် လက်ရှိအသုံးပြုနေတဲ့








*Fig-8-1*

လို့ဝှက်စကားလုံးကို ရိုက်ထည့်လိုက်ပါ။ မိမိသုံးထားတဲ့ password စာလုံးပေါင်း အမှန်အကန်ကို ရိုက်ထည့်ရပါမယ်။ Enter new password နေရာတွင် အသစ်ပြောင်းချင်တဲ့ Password ကို ရိုက်ထည့်လိုက်ပါ။ Re-enter new password နေရာတွင်လည်း အပေါ်မှာ ရေးခဲ့တဲ့ New




*Fig-8-2*

Password ကို ထပ်ပြီး မှန်မှန်ရေး ပေးပါ။ ပြီးရင်တော့ Apply Button ကို ကလစ်ပေးလိုက်ပါ။ Skype Password သုံးတဲ့အခါ သတိထားရမယ့် အချက်က Character နဲ့ Number နဲ့တွဲပေးရပါမယ်။ Character ချည်းပဲ ပေးလို့ မရပါဘူး။ Character နောက်မှာဖြစ်ဖြစ် ရှေ့မှာဖြစ်ဖြစ် ဂဏန်း တစ်ခုခု ထပ်ထည့်ပေးရပါတယ်။





*Fig-8-3*

Apply Button ကို နှိပ်လိုက်တဲ့အချိန်မှာတော့ ကိုယ်ရိုက်ထည့်ထားတဲ့ Password တွေမှန်တယ်ဆိုရင် Password changed ဆိုတဲ့ Box ကို မြင်ရမှာပဲ ဖြစ်ပါတယ်။ Success ဖြစ်သွားပါပြီ။ Fig-8-3 မှ ပုံအတိုင်း OK ကို ကလစ်ပေးလိုက်ပါ။ အခုဆိုရင် နောက်တစ်ခါ Sign in ဝင်တဲ့အချိန်မှာ အရင် Password အဟောင်းနဲ့ Sign in ဝင်လို့ မရတော့ပါဘူး။ Password အသစ်နဲ့မှ အသုံးပြုလို့ရတော့မှာ ဖြစ်ပါတယ်။

# အခန်း (၉)



# skype တွင် ဘာသာစကားပြောင်း၍ အသုံးပြုခြင်း

## Skype တွင် ဘာသာစကား ပြောင်း၍ အသုံးပြုခြင်း

Skype ကို အသုံးပြုတဲ့အခါမှာ လူမျိုးပေါင်းစုံ အသုံးပြုတဲ့အတွက် ဘာသာစကားလည်း မျိုးစုံထည့်ထားပေးပါတယ်။ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ် စသည့် ဘာသာစကားမျိုးစုံနဲ့ စုံစုံလင်လင် သုံးစွဲနိုင်ပါတယ်။ ဒီလိုအသုံးပြုတဲ့နေရာမှာ စတင် Install စလုပ်ခါစကတည်းက ကိုယ်အသုံးပြုမယ့်ဘာသာကို ပြောင်းထားခဲ့လို့ ရပါတယ်။ ဒါပေမယ့် Install လုပ်လိုက်တုန်းက Default အနေနဲ့ English ဘာသာပဲ ဝင်သွားရင်လည်း သုံးနေရင်းနဲ့ အသုံးလိုသလို တခြားဘာသာတစ်မျိုးနဲ့ ပြန်ပြောင်းပြီး ထပ်သုံးနိုင်ပါသေးတယ်။

ကွန်ပျူတာ မျက်နှာပြင်ပေါ်တွင်ရှိသော Skype Program ကို Double click နဲ့ ဖွင့်လိုက်ပါ။ Fig-9-1 တွင်ပြထားသည့်အတိုင်း Tools Menu မှ Change Language ကို တစ်ချက် ကလစ်လိုက်ပါ။ Pop Up Menu တစ်ခု ထပ်ကျလာမှာဖြစ်ပြီး အဲ့ဒီထဲကမှ ကိုယ်အသုံးပြုမယ့် Language ကို select လုပ်၍ အမှန်ခြစ်လေး ပေးလိုက်ပါ။









*Fig-9-1*




*Fig-9-2*

အခု ပြင်သစ်ဘာသာစကားနဲ့ စမ်းကြည့်မှာဖြစ်တဲ့အတွက် François(French) ဆိုတာကို တစ်ချက်ကလစ်လိုက်တဲ့အချိန်မှာ Fig-9-2 မှာ မြင်ရတဲ့အတိုင်း Menu Bar တွေမှအစ အကုန်လုံး ပြင်သစ်ဘာသာ စကားအနေနဲ့တွေ့ရမှာပဲ ဖြစ်ပါတယ်။ တကယ်လို့ ပြန်ပြီးတော့ English ဘာသာစကားပဲ ပြန်ပြောင်းချင်တယ် ဆိုရင်လည်း ဒီတိုင်းပဲ ပြန်ပြောင်းပေးလိုက်တာနဲ့ အဆင်ပြေသွားမှာပါ။

# အခန်း (၁၀)



# Skype အသုံးပြုရာတွင် သိထားသင့်သည့်နေရာများ

# Skype အသုံးပြုရာတွင် သိထားသင့်သည့်နေရာများ

Skype ကို သုံးတဲ့အခါမှာ လွယ်လွယ်ကူကူနဲ့ အသုံးဝင်တဲ့နေရာ အတော်များများကို ညွှန်ပြထားပေးတဲ့နေရာပဲ ဖြစ်ပါတယ်။ ကွန်ပျူတာနဲ့ လက်ပွန်းတတီးနေတဲ့သူတွေအတွက်တော့ ရှည်လျားတဲ့ ရှင်းပြချက်တွေ မလိုဘဲ ဒီလို Shortcut ဖော်ပြထားတဲ့နေရာကို ကြည့်လိုက်တာနဲ့ အလွယ်တကူ အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်။

ကွန်ပျူတာ မျက်နှာပြင်ပေါ်မှာရှိတဲ့ Skype ကို Double Click နဲ့ ဖွင့်လိုက်ပါ။ ဒါမှမဟုတ် Start menu ကနေ တဆင့်ချင်း ဖွင့်လိုက်ပါ။ Skype Program ပွင့်လာရင် User name နဲ့ Password ကို ရိုက်ထည့်လိုက်ပါ။ Sign in ဝင်ပြီး အချိန်နည်းနည်းစောင့်လိုက်တာနဲ့ ဝင်သွားပါလိမ့်မယ်။ Fig-10-1 မှာ မြင်ရတဲ့ညွှန်ပြချက်အတွက်ကတော့ A,B,C ကို ညွှန်ပြထားပါတယ်။

A - Menu Bar - Skype အသုံးပြုရာမှာပဲ ဖြစ်ဖြစ်၊ တခြား ဘယ် Program မှာပဲဖြစ်ဖြစ် အလွန်အသုံးဝင်တဲ့ Option တွေပါတဲ့ Menu bar ဖြစ်ပါတယ်။





B - Status bar - ဒီ Status bar ကတော့ Skype Web Home Page ကို တန်းရောက်သွားနိုင်သလို Skype status တွေကိုလည်း ပြောင်းလဲ နိုင်ပါတယ်။





*Fig-10-1*

C - Call Phones bar - Call Phones bar မှာတော့ ကိုယ့်လက်ကျန်ငွေ ဘယ်လောက်ကျန်သလဲကို သွားကြည့်နိုင်ပါတယ်။ နောက်ပြီး Phone Call ခေါ်နိုင်တဲ့ Number Dail Pad တွေကို ပြထားပေးမှာပဲ ဖြစ်ပါတယ်။

Fig-10-2 မှာ မြင်ရမှာကတော့ List Box တွေပဲ ဖြစ်ပါတယ်။ D,E,F အကြောင်းပါ။

D - Contact list - Skype အကောင့်ထဲမှာ ထည့်သွင်းချင်တဲ့သူစာရင်းနဲ့ ထည့်ထားပြီးပြီဆိုရင်လည်း သူ့ရဲ့ Lists ကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။





*Fig-10-2*

E - Facebook list - Facebook က သူငယ်ချင်းတွေရဲ့ Lists (စာရင်း)ပဲ ဖြစ်ပါတယ်။ သူတို့တွေ Facebook ပေါ်မှာ online ဖြစ်နေလား၊ Offline ဖြစ်နေလားဆိုတာကို Skype သုံးနေရင်းနဲ့ သိနိုင်ပါတယ်။

F - Recent list - Recent list ကတော့ Skype မှာ ခုလေးတင် အဆက်အသွယ် ပြုလုပ်ခဲ့တဲ့ List ကို ဖော်ပြပေးနေမှာပဲ ဖြစ်ပါတယ်။

Fig - 10-3 မှာ လမ်းညွှန်ပြထားပေးတာတွေကလည်း အသုံးပြုသူတွေအတွက် အသုံးဝင်တဲ့နေရာတွေပဲ ဖြစ်ပါတယ်။ Fig-10-3 မှာတော့ G, H, I အကြောင်းကို ရှင်းပြထားပါတယ်။





*Fig-10-3*

G - Contact summary - Select မှတ်ထားတဲ့သူရဲ့ မှတ်သားထားတဲ့ အသေးစိတ် အကြောင်းရာများကို ဖော်ပြပေးတဲ့နေရာပဲ ဖြစ်ပါတယ်။

H - Conversation window. Group Chat ဒါမှမဟုတ် Contact list မှာကို select မှတ်တဲ့အချိန်မှာ ဒီသူနဲ့ ပတ်သတ်ပြီး အဆက်အသွယ်





ပြုနိုင်တဲ့ Button တွေစုဝေးထားပေးတဲ့ နေရာပဲ ဖြစ်ပါတယ်။ ထပ်ပြီး Contact list တွေမှာလည်း သူငယ်ချင်းတွေ ထပ်ပေါင်းထည့်နိုင်ပါသေးတယ်။

I - Conversation box - Contact List ၊ ဒါမှမဟုတ် Group chat မှာ ရှိတဲ့သူကို Selecct မှတ်ထားတဲ့အချိန်မှာ သူ့ကို messages တွေ၊ Phone messages တွေပုံစံလိုမျိုး ပေးပို့နိုင်တဲ့ Box တစ်ခုပဲ ဖြစ်ပါတယ်။




*Fig-10-4*

Fig-10-4 ကတော့ J, K အကြောင်း ရှင်းပြထားတာ ဖြစ်ပါတယ်။

J - Add a contact. Skype ကို အသုံးပြုရာမှာ အဆင်ပြေစေတဲ့ မိတ်ဆွေတွေကို ကိုယ့်ရဲ့ Contact List ထဲကို ပေါင်းထည့်ပေးရမယ့် နေရာပဲ ဖြစ်ပါတယ်။

K - Create a group. ဒါကတော့ ရင်းနှီးတဲ့မိတ်ဆွေ အပေါင်းအသင်း အချင်းချင်း Group ဖွဲ့ပြီး စကားလက်ဆုံကျတဲ့ နေရာပါ။ Conference call နဲ့ Video call တွေ ခေါ်ဆိုနိုင်တဲ့နေရာပဲ ဖြစ်ပါတယ်။

အခန်း (၁၁)



# Testing Call နှင့်ဖုန်းစမ်းသပ်ခေါ်ဆိုခြင်း

## Testing Call နှင့် ဖုန်းစမ်းသပ်ခေါ်ဆိုခြင်း

Skype အကောင့်ကို စဖွင့်လိုက်တဲ့အချိန်မှာ အစပထမပိုင်းမှာ အသံပိုင်းဆိုင်ရာ စမ်းသပ်မှုပြုလုပ်ဖို့အတွက် သူငယ်ချင်းဘွေ ရှိဦးမှာ မဟုတ်ပါဘူး။ တစ်ခါတစ်လေမှာ အသံပိုင်းဆိုင်ရာစမ်းသပ်မှုတွေကို ပြုလုပ်ချင်တယ်ဆိုရင်လည်း အခုအခန်းမှာ ဖော်ပြပေးမယ့် Testing Call ဟာ အသုံးဝင်လှပါတယ်။ Testing Call က Skype အကောင့်ကို စဖွင့်ခါစကတည်းက အသံစမ်းသပ်ဖို့အတွက် အဆင်သင့်ထည့်သွင်း ပေးထားတဲ့ Sound Test Service system ပဲ ဖြစ်ပါတယ်။ User name နဲ့ Password ကို ရိုက်ထည့်လိုက်ပြီး အကောင့်ကို Sign in ဝင်လိုက်တဲ့ အခါမှာ Fig-11-1 မှာ တွေ့ရတဲ့အတိုင်း Echo/Sound Test Service ဆိုတာကို တွေ့ရပါလိမ့်မယ်။ သူ့အပေါ်ကို တစ်ချက်ကလစ် Select မှတ်ပြီး Call Button ကို တစ်ချက်ကလစ်ပြီး ဖုန်းခေါ်လိုက်ပါ။





Fig-11-1

Calling လုပ်လိုက်တဲ့အချိန်မှာတော့ Screen Colour ပြောင်းလဲလာပြီး တစ်ဖက်လူက ဖုန်းလက်ခံလိုက်တဲ့ အချိန်မှာတော့ Fig-11-2 မှာ တွေ့ရတဲ့အတိုင်း Call Bar ပါ ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ Ear ဖုန်းကို တပ်ထားတဲ့အချိန်မှာ Voice Setting တွေ၊ Ear Phone တွေကောင်းတယ်၊ အဆင်ပြေတယ်ဆိုရင် တစ်ဖက်လူရဲ့ Skype Service မှ ပြန်ဖြေတဲ့အသံကို ကြည်လင်ပြတ်သားစွာ ကြားရပါလိမ့်မယ်။

ဒီလို အသံစမ်းနေတဲ့အချိန်မှာ အသံမကောင်းဘူး၊ ကြည်လင်ပြတ်သားမှု မရှိဘူးဆိုရင် Fig-11-3 မှာ တွေ့ရတဲ့အတိုင်း Microphone settings ကို တစ်ချက် ကလစ်လိုက်ပါ။ Microphone settings ပေါ်ကို ကလစ်လိုက်ရင်လည်း သူနဲ့ ပတ်သတ်တဲ့ Box က အကျယ်ဖြန့်ပြီး ကျလာတာကို Fig-11-3 အတိုင်း မြင်ရပါလိမ့်မယ်။ ကျလာတဲ့ Box တွင် Microphone, Speaker စမ်းသပ်နိုင်ပါတယ်။ Down Arrow နဲ့ ကိုယ် အသုံးပြုတဲ့ Audio ကို သွားရွေးပေးလိုက်ပါ။ အသံငြိမ်သွားပြီ








Fig-11-2





Fig-11-3

ဆိုရင်တော့ Close Button ကို တစ်ချက်ကလစ်ပြီး Box ကို ပိတ်လိုက်လို့ ရပါတယ်။

Skype Service မှ ဖြေဆိုတဲ့အသံက ပြီးဆုံးသွားပြီဆိုရင် ဖုန်းကျသွားသလို အသံကြားရပြီး ကျသွားပါလိမ့်မယ်။ ကိုယ့်ရဲ့ Profile Page ကို ရောက်သွားပါလိမ့်မယ်။




*Fig-11-4*

ကိုယ့်ဖက်က စမ်းသပ်တာ ပြီးသွားလို့ ချလိုက်ချင်တယ်ဆိုရင်တော့ Fig-11-4 တွင်တွေ့ရသည့်အတိုင်း End Call Button အနီရောင်ကို တစ်ချက်ကလစ်ပြီး ဖုန်းချလိုက်လို့ ရပါတယ်။ ဒါဆိုရင်တော့ Test Call Setting ကို စမ်းသပ်တာ ပြီးသွားပါပြီ။ အသံ setting တွေ အကုန်အဆင်ပြေပြီမို့ တကယ့် ဖုန်းနံပါတ်အစစ်နဲ့ ခေါ်ဆိုနိုင်ပါပြီ။

# အခန်း(၁၂)



# နိုင်ငံခြားဖုန်းနံပါတ်ကို တိုက်ရိုက်ခေါ်၍ စကားပြောခြင်း

## နိုင်ငံခြား ဖုန်းနံပါတ်ကို တိုက်ရိုက်ခေါ်၍ စကားပြောခြင်း

နိုင်ငံခြားဖုန်းကို ခေါ်ဆိုတဲ့နေရာမှာ တခြား ဆော့ဖ်ဝဲတွေထက် Skype က ဒီနေရာမှာ ပိုသာပါတယ်။တခြားအင်တာနက်ဖုန်း software တွေလိုမျိုး Country Code တွေကို မှတ်ထားစရာမလိုဘူး။ ကိုယ်ခေါ်ချင်တဲ့နိုင်ငံကို ရွေးလိုက်တာနဲ့ Code Number ပါ တိုက်ရိုက်ကျလာပေးပါတယ်။ ဒီလိုစသုံးဖို့အတွက် အရင်ဆုံး ပုံမှန်အတိုင်း Skype Account ကို Sign In ဝင်ထားပါ။ Sign in ဝင်ပြီးသွားလျှင် Skype Box ရဲ့ အပေါ်နား Tab တွေရှိတဲ့ နေရာမှ Contacts Tab ကို တစ်ချက် ကလစ်လိုက်ပါ။ Contacts Tab ကို ရွေးလိုက်တဲ့နေရာရဲ့ အောက်နား Heading




*Fig-12-1*



အခွဲတွေ ရှိတဲ့နေရာမှာ Fig-12-1 မှာ မြင်ရတဲ့ အတိုင်း Call phones ဆိုတာကို တစ်ချက်ထပ် ကလစ်ပေးပါ။

Call Phone ကို ကလစ်လိုက်တဲ့အချိန်မှာ Phone ခေါ်ဆိုနိုင်တဲ့ Dial pad လို့ ခေါ်တဲ့ နံပါတ်တွေကို မြင်တွေ့ရမှာပဲ ဖြစ်ပါတယ်။ Dail Pad ကို မြင်ရပြီဆိုရင်တော့ Fig-12-2 မှာ တွေ့ရတဲ့အတိုင်း ကိုယ်ခေါ်ဆိုတဲ့ နိုင်ငံအပေါ်မူတည်ပြီး နိုင်ငံအလံဘေး Down arrow နေရာကို တစ်ချက် ကလစ်ပြီး ကိုယ်ခေါ်မယ့်နိုင်ငံရဲ့ Country Code ကို ရွေးလိုက်ပါ။ Country ကို ရွေးပြီးသွားပြီဆိုရင်တော့ ကိုယ်ခေါ်ချင်တဲ့ ဖုန်းနံပါတ်ကို တိုက်ရိုက်နှိပ်လိုက်ပါ။ ဖုန်းနံပါတ်ကို နှိပ်တဲ့အခါမှာလည်း Dial Pad ပေါ်မှာ ပေါ်နေတဲ့ နံပါတ်တွေကို Mouseနဲ့ ကလစ်နိုင်သလို၊ Keyboard ကနေလည်း တိုက်ရိုက် ရိုက်နှိပ်နိုင်ပါတယ်။




*Fig-12-2*

Phone Number အကုန် မှန်မှန်ကန်ကန် ရိုက်ထည့်ပြီးသွားလို့ ခေါ်ချင်ပြီဆိုရင်တော့ Fig-12-3 မှာ တွေ့ရတဲ့အတိုင်း Call Sign Button ဖြစ်တဲ့ Pointer နဲ့ ပြထားတဲ့ အစိမ်းရောင် Button လေးကို တစ်ချက် ကလစ်လိုက်ပါ။ ဖုန်းခေါ်တဲ့အသံကို ကြားရမှာဖြစ်ပြီး တစ်ဖက် ဖုန်းကလက်ခံလိုက်တဲ့အချိန်မှာတော့ စတင်ပြောလို့ရပါပြီ။





*Fig-12-3*

တကယ်လို့ အခုလက်ရှိခေါ်နေတဲ့ ဖုန်းနံပါတ်ကို မကြာခဏ အသုံးပြုမယ်ဆိုရင်တော့ Add to Contacts ကို တစ်ချက်ကလစ်ပြီးရင် ဖုန်းနံပါတ် ရိုက်ထည့်၊ Save လုပ်ပြီး သိမ်းထားလို့ ရပါတယ်။ Contacts ထဲ ထည့်လိုက်တဲ့ ဖုန်းနံပါတ်တွေကိုတော့ ပြန်ရိုက်စရာမလိုဘဲ ဖုန်းနံပါတ်ပေါ် တစ်ချက်ကလစ်ပြီး Fig-12-3 အတိုင်း Call button ကို နှိပ်လိုက်တာနဲ့ ရပါပြီ။ ထပ်ခါထပ်ခါ အသုံးပြုမယ့် ဖုန်းနံပါတ်တွေကို ဒီနည်းအတိုင်း Save လုပ်ထားနိုင်ပါတယ်။

# အခန်း (၁၃)



# ခေါ်ပြီးသား ဖုန်းနံပါတ်ကို ပြန်ခေါ်ခြင်း

## ခေါ်ပြီးသားဖုန်းနံပါတ်ကို ပြန်ခေါ်ခြင်း

Skype ကို အသုံးပြုတဲ့အခါမှာ နိုင်ငံခြားဖုန်းကိုခေါ်တာ ဖြစ်တဲ့အတွက် ဂဏန်းအရေအတွက်ဟာ အနည်းဆုံး ၁၀ လုံးလောက်ကို ရှိနေပါတယ်။ တစ်ခါတစ်လေ ဖုန်းနံပါတ်မှားရိုက်ထည့်မိပြီး ခေါ်မိတဲ့အတွက် လူမှားပြီးပြောဆိုမိတာတွေကိုလည်း တွေ့ရပါတယ်။ အဲ့ဒီအခါမှာတော့ အကောင့်မှာ ထည့်ထားတဲ့ ပိုက်ဆံတွေက မလိုအပ်ဘဲ ကုန်သွားတတ်ပါတယ်။ အဲ့လိုအမှားတွေ မကြုံရလေအောင် ဒီနည်းကို အသုံးပြုပြီး Redial အနေနဲ့ ပြန်ခေါ်နိုင်ပါတယ်။




*Fig-13-1*





ပထမဆုံး Fig-13-1 မှာပြထားတဲ့အတိုင်း ဖုန်းခေါ်တဲ့နေရာဖြစ်တဲ့ Contacts menu မှ Call phones ထဲထိရောက် အောင်သွားလိုက်ပါ။

Dial pad ပေါ်လာလို့ ဖုန်းပထမတစ်ခါခေါ်ပြီး မရလို့ နောက်တစ်ခါ ပြန်ခေါ်ချင်တယ်ဆိုရင် Fig-13-2 တွင် မြင်ရသည့်အတိုင်း Enter Number ဆိုတဲ့ စာသားဘေးနားတွင် ရှိသော Recent call button ကို တစ်ချက်ကလစ်လိုက်ပါ။ ခေါ်ဆိုထားသော ဖုန်းနံပါတ်တွေကို အစဉ်လိုက် မြင်တွေ့ရပါလိမ့်မယ်။ အဲ့ဒီထဲမှ ခေါ်ချင်တဲ့ဖုန်းနံပါတ်ပေါ်ကို





*Fig-13-2*




*Fig-13-3*

Mouse နဲ့ တစ်ချက်ကလစ်လိုက်ပါ။ အခုဆိုရင် Enter Number နေရာတွင် ထိုဂဏန်းများ ဝင်ရောက်သွားပြီး Call button အစိမ်းရောင်ကို တစ်ချက် ကလစ်လိုက်တာနဲ့ တန်းခေါ်ပေးသွားမှာပဲ ဖြစ်ပါတယ်။

Fig-13-3 မှာ ပြထားတဲ့ပုံကတော့ Enter Number ဆိုတဲ့နေရာမှာ နာမည်အစိတ်အပိုင်းတစ်ခုကို ရိုက်ထည့်ပြီး ဖုန်းနံပါတ်ကိုခေါ်တဲ့နည်းပဲ ဖြစ်ပါတယ်။ Contacts List မှာ နာမည်နဲ့ သိမ်းထားတဲ့ သူတွေကို နာမည်ရိုက်ထည့်ပြီးလည်း ခေါ်ဆိုနိုင်ပါတယ်။ ဖုန်းနံပါတ်ဝင်သွားပြီဆိုရင်တော့ အရင်နည်းအတိုင်းပဲ Call button အစိမ်းရောင်ကို တစ်ချက် ကလစ်လိုက်တာပြီး တစ်ဖက်သူက လက်ခံလိုက်တာနဲ့ စကားပြောဆိုနိုင်ပါပြီ။

# အခန်း (၁၄)



## Phone Number ကို contact list တွင် ပေါင်းထည့်ခြင်း

## Phone Number ကို Contact List တွင် ပေါင်းထည့်ခြင်း

Contacts Lists တွင် Phone Number ကို တစ်ခါတည်း ပေါင်းထည့်ထားခြင်းကလည်း အချိန်ကုန်သက်သာစေသလို အလုပ်လည်း သက်သာပါတယ်။ Phone number ဆိုပေမယ့် phone number တင် မကဘဲ Skype အသုံးပြုတဲ့ Skype username တွေကိုလည်း Contact List မှာ ပေါင်းထည့်ထားလို့ ရပါတယ်။ Fig-14-1 မှာ တွေ့ရတဲ့အတိုင်း




*Fig-14-1*





Call Button ရဲ့ Down Arrow ကို တစ်ချက်ကလစ်လိုက်ပါ။ ပေါ်လာတဲ့ Menu မှာ Add Phone Number ကို ကလစ်ပေးပါ။

Add Phone Number ကို ကလစ်လိုက်တဲ့အချိန်မှာတော့ Add a number to this profile ဆိုတဲ့ Mobile Phone Number ရိုက်ထည့်ပေးရမယ့် နေရာကို တွေ့ရမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း Mobile ဖုန်းဆို Mobile၊ အိမ်ဖုန်းဆို အိမ်ဖုန်း ထပ်ခွဲနိုင်ပါသေးတယ်။ နိုင်ငံတော်အလံကိုလည်း ရွေးပေးခဲ့ရပါဦးမယ်။ အဲ့ဒါမှ Country Code Number ပါမှာ ဖြစ်ပါတယ်။ နောက် Number ရိုက်ထည့်ရမယ့်နေရာမှာတော့ ဖုန်းနံပါတ်ကို မှန်မှန်ကန်ကန်လေး ရိုက်ထည့်ပေးပါ။




*Fig-14-2*

ပြီးရင်တော့ Fig-14-2 မှာ ပြထားတဲ့အတိုင်း အမှန်ခြစ်ပုံစံလေးကို တစ်ချက် ကလစ်ပေး ရပါမယ်။ ဒါဆိုရင်တော့ ခုနကရိုက်ထည့်ထားတဲ့ Phone Number တွေ အကုန်ဝင်သွားပါပြီ။ နောက်တစ်ခါဆို ရိုက်ထည့်စရာ မလိုတော့ပါဘူး။ Contacts List မှာ သွားရှာပြီး တန်းခေါ်နိုင်ပါပြီ။

အခန်း (၁၅)



Contact Lists တွင် သူငယ်ချင်းများ ပေါ်င်းထည့်ခြင်း

## Contact Lists တွင် သူငယ်ချင်း ပေါင်းထည့်ခြင်း

Skype ကို အသုံးပြုတဲ့အခါမှာ သူငယ်ချင်းတွေကို Contacts Lists မှာ ပေါင်းထည့်ထားခြင်းဟာလည်း အသုံးပြုရာတွင် မြန်ဆန်သွက်လက်စေပါတယ်။ ပထမဆုံး Skype Account ကို ပုံမှန်အတိုင်း Log in ဝင်လိုက်ပါ။ ပြီးလျှင် Fig-15-1 မှာ ပြထားတဲ့အတိုင်း Contacts Menu မှ Add a Contact ကို တစ်ချက်ကလစ်လိုက်ပါ။

Add a contact ကို ကလစ်လိုက်တဲ့အချိန်မှာတော့ ပေါင်းထည့်ပေးရမယ့် လိပ်စာ Form ပုံစံ Box တစ်ခုပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ပထမဆုံးအကွက်တွင် ကိုယ်ပေါင်းထည့်ချင်တဲ့သူရဲ့ E-mail Address ကို ရိုက်ထည့်ပါ။ Phone number နေရာတွင် ကိုယ်အဆက်အသွယ်ပြုလုပ်မယ့်သူရဲ့ Country Code နဲ့ Phone Number ကို




*Fig-15-2*




*Fig-15-3*





ရိုက်ထည့်ပေးပါ။ Full name နေရာမှာတော့ နာမည် အပြည့်အစုံကို ရိုက်ထည့်ပေးရမှာ ဖြစ်ပြီး၊ Skype Name မှာတော့ သူအသုံးပြုထားတဲ့ Skype အကောင့်ကိုပဲ ရိုက်ထည့်ပေးလိုက်ပါ။ ပြီးရင်တော့ Fig-15-2 မှာ တွေ့ရတဲ့အတိုင်း Add Button ကို တစ်ချက်ကလစ်ပေးလိုက်ပါ။

အခု သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ Jennifer. north ရဲ့ နာမည်ကို ရိုက်ထည့်ပြီး Add ကို တစ်ချက်ကလစ်လိုက်တဲ့ Fig-15-3 တွင် တွေ့ရသော Request Box တစ်ခုပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ကိုယ့်ဖက်က ဖိတ်ခေါ်လိုက်တဲ့နာမည်နဲ့အတူ သူ့ဆီကို မိတ်ဆက်စကား ပြောဖို့အတွက် Box ကိုတွေ့ရမှာပါ။ အဲ့ဒီ Box ထဲတွင် မိတ်ဆက်စာ ခပ်တိုတိုရေးပြီး Send request ကို တစ်ချက် ကလစ်လိုက်ပါ။






*Fig-15-3*

ဒါဆိုရင် ကိုယ်ဖိတ်ခေါ်လိုက်တဲ့သူက Contact Lists ထဲကို Offline အနေနဲ့ ရောက်နေပါလိမ့်မယ်။ သူ့ဖက်က Accept လုပ်ပြီး Online တက်လာတဲ့အချိန်ကျရင်တော့ Skype ကို အသုံးပြုပြီး စကားပြောတာ၊ Video Calling ခေါ်တာတွေ အကုန်သုံးနိုင်ပါပြီ။

# အခန်း (၁၆)



Contact Lists တွင်ရှိသောသူများနှင့် စကားပြောခြင်း

## Contact List တွင်ရှိသော သူများနှင့် စကားပြောခြင်း

Skype Account ကို Sign in ဝင်ထားပါ။ Fig-16-1 မှာ တွေ့ရတဲ့ အတိုင်း Contacts List ကို တစ်ချက်ကလစ်လိုက်ပါ။ ပေါင်းထည့်ထားတဲ့ သူငယ်ချင်း List ကို တွေ့ရပါလိမ့်မယ်။ တကယ်လို့ Contacts list မှာ မိတ်ဆွေတွေများနေတယ်ဆိုရင် Search box မှာလည်း နာမည်ကို ရိုက်ထည့်ပြီး ရှာနိုင်ပါတယ်။ Contacts list မှာ စကားပြောမယ့်သူရဲ့ နာမည်ကို ရှာတွေ့ရင် တစ်ချက်ကလစ်လိုက်ပါ။ အခု Beth Davies ဆိုတဲ့ သူနဲ့စကားပြောမှာဖြစ်တဲ့အတွက် သူ့နာမည်ပေါ် ကို တစ်ချက် ကလစ်လိုက်ပါတယ်။




*Fig-16-1*

ကိုယ်နဲ့ စကားပြောမယ့်သူရဲ့ နာမည်ကို ကလစ်လိုက်တာနဲ့ ညာဖက်မှာ သူနဲ့ ပတ်သတ်တဲ့ အသေးစိတ်အကြောင်းအရာကို တွေ့ရပါလိမ့်မယ်။ Online မှာရှိ မရှိဆိုတာလည်း Fig-16-2 မှာ ပြထားတဲ့အတိုင်း ပေါ်နေတာကို တွေ့ရပါလိမ့်မယ်။




*Fig-16-2*

ဒီလို Contacts List နဲ့ စကားပြောခြင်း၊ ရုပ်ပါကြည့်ပြီး စကားပြောတာတွေ လုပ်တဲ့အခါမှာ တစ်ခုသတိထားရမှာကတော့ Status Icons လေးတွေပဲ ဖြစ်ပါတယ်။ အခု Fig-16-3 မှာ မြင်ရတဲ့ပုံအတိုင်း Icon တွေပြနေပါက သူနဲ့ Skype ကို အသုံးပြုပြီး စကားပြောဖို့ ပိုက်ဆံလုံးဝ မလိုပါဘူး၊ Free Call အနေနဲ့ Chatting ထိုင်ခြင်း ပြုလုပ်နိုင်ပါတယ်။



*Fig-11-3*

ဒါပေမယ့် Fig-16-4 မှာလို Phone ပုံစံလို Status icon မျိုးကျတော့ Skype မှာ ပိုက်ဆံသွင်းထားမှ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံခြားကို တိုက်ရိုက်ဖုန်းနဲ့ ဆက်သွယ်အသုံးပြုတဲ့ အခါမှာတော့ Skype





မှာ ပိုက်ဆံထည့်ပြီးမှ အသုံးပြုလို့ရမှာပဲ ဖြစ်ပါတယ်။ Skype မှာ ပိုက်ဆံထည့်နည်းကတော့ အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါတယ်။



*Fig-16-4*

အခုကတော့ Free Call အနေနဲ့ပဲဆိုတော့ ပိုက်ဆံကျန် မကျန် စဉ်းစား တွက်ချက်နေစရာ မလိုပါဘူး၊ တန်းပြီးခေါ်နိုင်ပါတယ်။




*Fig-16-5*

Fig-16-5 မှာ ပြထားတဲ့အတိုင်း Call Button ကို တစ်ချက်ကလစ်နှိပ်လိုက်ပါ။ Screen Colour စတင် Change လာမှာ ဖြစ်ပြီး အောက် Bar နားမှာ Call Bar လည်း တစ်ပြိုင်နက်တည်း ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။

## အခန်း (၁၇)



# Facebook (or) Mail မှ သူငယ်ချင်းများပေါင်းထည့်ခြင်း

## Facebook (or) Mail မှ သူငယ်ချင်းများ ပေါင်းထည့်ခြင်း

Skype အကောင့်တွင် Contact List ထဲသို့ သူငယ်ချင်းတွေ တစ်ပြိုင်နက်တည်း ပေါင်းထည့်နိုင်ပါတယ်။ Facebook အကောင့်ကိုပဲ သုံးသုံး၊ E-mail အကောင့်ကိုပဲသုံးသုံး ကိုယ်အသုံးပြုတဲ့ မေးလ် အကောင့်၊ Facebook အကောင့်ထဲမှ သူတွေကို Skype အကောင့်ထဲကို တစ်ပြိုင်နက်တည်း ပေါင်းထည့်ပြီး Calling ခေါ်တာ၊ Video Calling လုပ်တာတွေကို လုပ်နိုင်ပါတယ်။

Skype အကောင့်ကို Sing in ဝင်ပြီးသွားပြီဆိုရင် Fig-17-1 တွင် တွေ့ရတဲ့အတိုင်း Contacts Menu မှ Import Contacts ကို တစ်ချက် ကလစ်လိုက်ပါ။




*Fig-17-1*





*Fig-17-2*

Import Contacts ကို ကလစ်လိုက်တဲ့အချိန်မှာတော့ Add from Address Book ဆိုတဲ့စာသားနဲ့အတူ ကိုယ်အသုံးပြုတဲ့အကောင့်ကို Link ချိတ်ပေးရမယ့် Box တစ်ခုကို တွေ့ရပါလိမ့်မယ်။ ဒီထဲမှာ မြန်မာနိုင်ငံမှာ အများဆုံး အသုံးပြုကြတဲ့ Facebook, Gmail အကောင့်တွေကို





တိုက်ရိုက် ကလစ်ပြီး ဖိတ်ခေါ်နိုင်ပါတယ်။ တကယ်လို့ ကိုယ်အသုံးပြုတဲ့ mail က ဒီ Box ထဲမှာ မရှိဘူးဆိုရင် Fig-17-2 မှာ မြင်ရတဲ့ Other ဆိုတဲ့ နေရာမှာ သွားရှာနိုင်ပါတယ်။

အခုဒီမှာတော့ Gmail ကို အသုံးပြုမှာ ဖြစ်တဲ့အတွက် Gmail ကို တစ်ချက် ကလစ်လိုက်တဲ့အချိန်မှာ အောက်နားမှာ Gmail User name နဲ့ Gmail Password ထည့်ပေးရမယ့်နေရာကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီ နေရာမှာ User name နဲ့ Password ကို ရိုက်ထည့်ပေးလိုက်ပါ။ ပြီးရင် တော့ Fig-17-2 မှာ တွေ့ရတဲ့အတိုင်း Import ကို တစ်ချက် ကလစ် ပေးလိုက်ပါ။




*Fig-17-3*

Import လုပ်လိုက်တဲ့အခါမှာတော့ Gmail Friend List မှာရှိတဲ့ Skype အသုံးပြုကြတဲ့သူတွေရဲ့ Lists ကိုတွေ့ရပါလိမ့်မယ်။ ဒီ Page ရောက်တဲ့အခါမှာ Lists မှာရှိသမျှ လူအကုန်လုံးကို Contacts List မှာ ပေါင်းထည့်မယ်ဆိုရင်တော့ Add Contacts ကို ကလစ်လိုက်ရင်ရပါပြီ။

ဒါမှမဟုတ် မဖိတ်ခေါ်ချင်တဲ့ သူတွေရှိတယ်ဆိုရင် သူ့နာမည် ပေါ်မှာရှိတဲ့ အမှန်ခြစ်လေးကို တစ်ချက်ကလစ်ပြီး ဖြုတ်ပေးခဲ့ပါ။ အခု တော့ ကိုယ်ဖိတ်ချင်တဲ့သူ အားလုံး 14 ယောက်ရှိတဲ့အတွက် Add 14 Contacts ကို တစ်ချက် ကလစ်ပေးလိုက်ပါမယ်။ ဒီအဆင့်မှာ ကိုယ်ဖိတ် ချင်တဲ့သူ မရှိဘူးဆိုရင်တော့ Skip နဲ့ ကျော်ထားခဲ့လို့ ရပါတယ်။

နောက် Page တစ်ခုအနေနဲ့ တွေ့ရမှာကတော့ Skype အကောင့် မရှိတဲ့သူတွေကို ပါထပ်ပြီး တော့ Skype အကောင့်သုံးဖို့အတွက် Invite လုပ်ချင်ရင်လုပ်နိုင်တယ်ဆိုတဲ့နေရာကို ရောက်လာမှာပါ။ Skype အကောင့် မရှိတဲ့သူတွေထဲက ကိုယ်ဖိတ်ခေါ်ချင်တဲ့သူတွေကို အမှန်ခြစ်ထားပါ။ မဖိတ်ခေါ်ချင်တဲ့သူကို အမှန်ခြစ် ဖြုတ်ပေးခဲ့ရပါမယ်။ ပြီးရင်တော့ Fig-17-4 မှာတွေ့ရတဲ့အတိုင်း Send email ကို တစ်ချက်ကလစ်လိုက်ပါ။ ဒီအဆင့်မှာလည်း ဆန္ဒမရှိဘူးဆိုရင် Skip နဲ့ ကျော်ထားခဲ့လို့ ရပါတယ်။




*Fig-17-4*

အခုဆိုရင် ကိုယ်ဖိတ်ခေါ်ထားတဲ့သူတွေက Contact Lists ထဲကို Offline အနေနဲ့ ရောက်နေပါလိမ့်မယ်။ သူ့ဘက်က Accept လုပ်လိုက်တာနဲ့ Skype ကို အသုံးပြုပြီး Voice Setting, Video Setting တွေ ချိန်ညှိပြီး စကားပြောတာ၊ Video Calling ခေါ်တာတွေ အကုန်သုံးနိုင်ပါပြီ။

# အခန်း (၁၈)



# ရုပ်ပါမြင်အောင် Video Call နှင့် အသုံးပြုခြင်း

## ရုပ်ပါမြင်နိုင်တဲ့ Video Call အသုံးပြုခြင်း

အင်တာနက်ဖုန်း အသုံးပြုတဲ့ နေရာမှာ တခြားဖုန်း Software တွေထက် Skype ရဲ့ အားသာချက်က ရုပ်ပါမြင်နိုင်တဲ့ Video setting ပါရှိတာကြောင့်ပါ။ Skype ကို အသုံးပြုပြီးတော့ ဟိုဘက်ဒီဘက် နှစ်ယောက်လုံး ရုပ်ပါကြည့်ပြီးစကား ပြောနိုင်ပါတယ်။ ဒီလိုပြောတဲ့ အခါမှာလည်း Conection ကောင်းတဲ့အချိန်ဆိုရင် ကြည်လင်ပြတ်သားပြီး Moving action တွေကလည်း အလျှင်မီအောင် လှုပ်ရှားပေးနိုင်ပါတယ်။ Video Call မခေါ်ခင်မှာတော့ Web camera ကို သေချာချိတ်ဆက်ထားရပါမယ်။ Web cam ကောင်းမွန်စွာ အလုပ်လုပ်နိုင်အောင်လည်း စစ်ဆေးရပါမယ်။ Webcam က အလုပ်မလုပ်လျှင် Video Setting ချိန်ညှိခြင်းအခန်းမှာ ဖတ်ကြည့်နိုင်ပါတယ်။(နောက်အခန်းမှာ ပါပါတယ်။)

Video call ခေါ်ဖို့အတွက် ပထမဆုံး အကောင့် Sign in ဝင်လိုက်ပါ။ ပြီးလျှင် Contacts tab ကို တစ်ချက်ကလစ်လိုက်ပါ။ Contacts list မှာရှိတဲ့ သူငယ်ချင်းတွေထဲက Video call နဲ့ ပြောချင်တဲ့သူပေါ်ကို တစ်ချက် ကလစ်လိုက်ပါ။ ဒါပေမယ့် Online မှာရှိမှ ပြောလို့ရမှာပါ။








*Fig-18-1*

Online Sign ကိုမြင်ရင် Fig-18-1 တွင် တွေ့ရတဲ့အတိုင်း ပြောချင်တဲ့ သူပေါ် ကို တစ်ချက် ကလစ်လိုက်ပါ။




*Fig-18-2*

လူကို ရွေးပြီးသွားရင်တော့ ညာဘက်မှာ ပုံ Fig-18-2 အတိုင်း သူနဲ့ ပတ်သတ်တဲ့ အသေးစိတ်အကြောင်းအရာ ကျလာပါလိမ့်မယ်။ ရိုးရိုး ဒီတိုင်းစကားပြောရင် Call ကိုပဲ ကလစ်ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုတော့ Video call ခေါ်မှာဖြစ်တဲ့အတွက် Video call ဆိုတဲ့ Button ပေါ်ကို တစ်ချက်ကလစ် ပေးလိုက်ပါ။ ခေါ်နေတဲ့ Screen color ပြောင်းလဲလာပြီး သူ့အောက်နားမှာ Call Bar တစ်ခု ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ တစ်ဖက်လူက ဖုန်းမကိုင်မချင်း ring သံကို ကြားနေရမှာဖြစ်ပြီး ဖုန်းလက်ခံလိုက်ရင်တော့ စတင်ပြီး စကားပြောလို့ရပါပြီ။

# အခန်း (၁၉)



# Group ဖွဲ့ပြီး Video call အသုံးပြုနည်း

## Group ဖွဲ့ပြီး Video call အသုံးပြုနည်း

Skype Account တစ်ခုကို ပိုင်ဆိုင်ထားတာနဲ့ အပေါင်းအသင်းများနဲ့ Group ဖွဲ့ပြီး အဖွဲ့လိုက် အပြင်မှာ စကားပြောနေသကဲ့သို့ ရုပ်ရော အသံပါ အသုံးပြုပြီး ပြောဆိုဆွေးနွေး နိုင်ပါတယ်။ Group ဖွဲ့တဲ့ နေရာမှာ ကိုယ့် Contact List မှာရှိတဲ့ ၃ ယောက်ကနေစပြီး အဖွဲ့ဖွဲ့ပြီး စကားပြောဆိုနိုင်ပါတယ်။ အများဆုံး အနေနဲ့ကတော့ ၉ ယောက်ထဲပဲ Group ဖွဲ့ပြီး စကားပြောတာ ကောင်းပါတယ်။ Quality ကောင်းကောင်းမွန်မွန် အသံကြည်ကြည် လင်လင်နဲ့ ပြောချင်တယ် ဆိုရင်တော့ Group တစ်ဖွဲ့မှာ ၅ ယောက်ပဲရှိတာ အကောင်းဆုံးပါ။ ကိုယ်လိုရင် လိုအပ်သလို ချိန်ဆ သုံးစွဲနိုင်ပါတယ်။

ပထမဆုံး Skype Account ကို Log in ဝင်ထားပါ။ ဗွီဒီယိုပါ အသုံးပြုမှာ ဖြစ်တဲ့အတွက် Webcam setting ကိုလည်း သေချာစစ်ဆေးပြီး ချိန်ဆထားပါ။ ပြီးရင်တော့ Fig-19-1 မှာ ပြထားတဲ့အတိုင်း Cont-acts Menu မှ Create New Group ဆိုတာကို တစ်ချက် ကလစ်လိုက်ပါ။




*Fig-19-1*

Contact Menu မှ Create New Group ကို ကလစ်လိုက်တဲ့ အချိန်မှာ Fig-19-2 မှာ မြင်ရတဲ့ပုံအတိုင်း Group ဖွဲ့ဖို့အတွက် Box တစ်ခု ကျလာပါလိမ့်မယ်။ ကျလာရင် Contact Tab ကို တစ်ချက် ကလစ်လိုက်ပါ။ Contact List ထဲမှာ ကိုယ့်သူငယ်ချင်းတွေကို တွေ့ရပါ လိမ့်မယ်။ အဲ့ဒီသူငယ်ချင်းတွေထဲကမှ Group ဖွဲ့ချင်တဲ့ သူပေါ်ကို Fig-19-2 မှာ တွေ့ရတဲ့အတိုင်း တစ်ချက်ကလစ် Dragging ဖိဆွဲသွားပြီး Empty Group လို့ပေါ်နေတဲ့ Group Box ထဲသို့ရောက်ရင် Mouse ကို လွှတ်၍ ဆွဲသွင်းလိုက်ပါ။

Group ဖွဲ့ချင်တဲ့ သူတွေကို ဒီလိုနည်းနဲ့ တစ်ယောက်ပြီး တစ် ယောက်သွင်းလိုက်ပါ။ ဒါမှမဟုတ် Empty Group ရဲ့အောက်နားမှာ အပေါင်း (+) ပုံစံကို တစ်ချက်ကလစ် လိုက်ပါ။ ဒါဆိုရင် Fig-19-3 မှာ တွေ့ရတဲ့ ပုံအတိုင်း ကိုယ့် Skype Account ထဲမှာ ရှိတဲ့သူတွေရဲ့








*Fig-19-2*

Contact list ကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ယောက်ချင်းစီကို select မှတ်၊ အောက်မှာရှိတဲ့ Add Button ကို တစ်ချက်ကလစ်ရင် People in this Group ထဲကို တစ်ယောက်ချင်းစီ ဝင်သွားပါလိမ့်မယ်။ တစ်ပြိုင်နက်တည်း သွင်းချင်တယ် ဆိုရင်တော့ Keyboard မှာရှိတဲ့ Ctrl





*Fig-19-3*

Key နဲ့ တစ်ပြိုင်နက်တည်း select မှတ်ပြီး Add Button ကို တစ်ချက် ကလစ် လိုက်ပါ။

Phone Number တွေ အသုံးပြုတဲ့ သူတွေကျတော့လည်း Phone number ကို ရိုက်ထည့်ပြီး Add လုပ်လိုက်ပါ။ Group ထဲ ရောက်နေတဲ့ သူတွေကို ပြန်ဖျက်ပစ်ချင်တယ်ဆိုရင်လည်း ဖျက်ပစ်ချင်တဲ့ သူပေါ်ကို select မှတ်ပြီး အောက်မှာရှိတဲ့ Remove Button ကို တစ်ချက် ကလစ်ပေးလိုက်ပါ။




*Fig-19-4*




*Fig-19-5*

Group ဖွဲ့ပြီးသွားပြီ ဆိုရင်တော့ Fig-19-4 မှာ ပြထားတဲ့အတိုင်း စတင်ပြောဆိုဖို့အတွက် Video call Button ကို တစ်ချက် ကလစ်လိုက်ပါ။ Screen ပေါ်မှာ Colour Change သွားပြီး screen ရဲ့ အောက်ခြေနား





မှာ call bar လေး ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ပြီးတော့ Group အဖွဲ့ထဲက လူတစ်ယောက်ယောက်က ဒီဖုန်းကို လက်မခံမချင်း Phone Ring Calling သံကို အဆက်မပြတ် ကြားနေရပါလိမ့်မယ်။

Group အဖွဲ့ထဲက လူတွေ တစ်ယောက်ပြီးတစ်ယောက် လက်ခံလာပြီ ဆိုရင်တော့ စတင်ပြီး ပြောဆိုဆွေးနွေးခန်း ဖွင့်လို့ရပါပြီ။ တစ်ယောက်က လက်ခံလိုက်ရင် အဲ့ဒီတစ်ယောက်က Fig-19-5 မှာ မြင်ရတဲ့ပုံအတိုင်း Screen ပေါ်တွင် မြင်နိုင်ပြီး အားလုံးလက်ခံလာရင်တော့ အားလုံးကိုမြင်တွေ့နိုင်မှာပဲ ဖြစ်ပါတယ်။

တကယ်လို့ အချင်းချင်း စကားပြောလို့ မရ ရုပ်တွေလည်း မမြင်ရဘူးဆိုရင် Screen အောက်နားမှာရှိတဲ့ Call bar မှာ သွားပြီးတော့ call setting ကို ချိန်ညှိနိုင်ပါတယ်။ Gropu အဖွဲ့ထဲက လူတစ်ယောက်နဲ့ စကားပြောပြီးသွားလို့ Ph Call ချချင်တယ်ဆိုရင်တော့ အဲ့ဒီလူရဲ့ ပုံပေါ်ကို တစ်ချက်ကလစ်ပြီးရင် Phone End Sign ဖြစ်တဲ့ အနီရောင် Icon လေးပေါ်ကို တစ်ချက် ကလစ်လိုက်ပါ။

# အခန်း (၂၀)



# Group ဖွဲ့ပြီး Conference Call အသုံးပြုနည်း

## Group ဖွဲ့ပြီး Conference call အသုံးပြုနည်း

Skype Account ကို အသုံးပြုပြီးတော့ One By One ဖုန်းနဲ့ စကားပြောဆိုနိုင်သလို Group အဖွဲ့လိုက်လည်း စကားပြောဆို အသုံးပြုနိုင်ပါတယ်။ Group ဖွဲ့တဲ့ နေရာမှာ ကိုယ့် Contact List မှာရှိတဲ့ ၃ ယောက်ကနေစပြီး အဖွဲ့ဖွဲ့ပြီး စကားပြောဆို နိုင်ပါတယ်။ အများဆုံး အသုံးပြုနိုင်တဲ့ လူဦးရေ အကန့်အသတ် ၂၅ ယောက်ထိ Group ဖွဲ့ပြီး စကားပြောဆို နိုင်ပါတယ်။

ပထမဆုံး Skype Account ကို Log in ဝင်ထားပါ။ Fig-20-1 မှာ တွေ့ရသည့် အတိုင်း Contacts Menu မှ Create New Group ဆိုတာကို တစ်ချက်ကလစ် လိုက်ပါ။

Contact Menu မှ Create New Group ကို ကလစ်လိုက်တဲ့ အချိန်မှာ Fig-20-2 တွင် မြင်ရတဲ့ပုံအတိုင်း Group ဖွဲ့ဖို့အတွက် Box တစ်ခု ကျလာပါလိမ့်မယ်။ ကျလာရင် Contact Tab ကို တစ်ချက်




Fig-20-1

ကလစ်လိုက်ပါ။ Contact List ထဲမှာ ကိုယ့်သူငယ်ချင်းတွေကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီသူငယ်ချင်းတွေထဲကမှ Group ဖွဲ့ချင်တဲ့ သူပေါ်ကို Fig-20-2 မှာ တွေ့ရတဲ့အတိုင်း တစ်ချက်ကလစ် Dragging ဖိဆွဲသွားပြီး Empty Group လို့ပေါ်နေတဲ့ Group Box ထဲသို့ ရောက်လျှင် Mouseကို လွှတ်၍ ဆွဲသွင်းလိုက်ပါ။





Fig-20-2





Group ဖွဲ့ချင်တဲ့သူတွေကို ဒီလိုနည်းနဲ့ တစ်ယောက်ပြီး တစ်ယောက် သွင်းလိုက်ပါ။ ဒါမှမဟုတ် Empty Group ရဲ့ အောက်နားမှာ အပေါင်း (+) ပုံစံကို တစ်ချက်ကလစ် လိုက်ပါ။ ဒါဆိုရင် Fig-20-3 မှာတွေ့ရတဲ့ ပုံအတိုင်း ကိုယ့် Skype Account ထဲမှာရှိတဲ့သူတွေရဲ့ Contact list ကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ယောက်ချင်းစီကို select မှတ်၊ အောက်မှာရှိတဲ့ Add Button ကို တစ်ချက်ကလစ်ရင် People in this Group ထဲကို တစ်ယောက်ချင်းစီ ဝင်သွားပါလိမ့်မယ်။ တစ်ပြိုင်နက်တည်း သွင်းချင်တယ်ဆိုရင်တော့ Keyboard မှာရှိတဲ့ Ctrl Key နဲ့ တစ်ပြိုင်နက်တည်း select မှတ်ပြီး Add Button ကို တစ်ချက် ကလစ်လိုက်ပါ။ Phone Number တွေ အသုံးပြုတဲ့ သူတွေကျတော့လည်း Phone number ကို ရိုက်ထည့်ပြီး Add လုပ်လိုက်ပါ။ Group ထဲ ရောက်နေတဲ့ သူတွေကို ပြန်ဖျက်ပစ်ချင်တယ် ဆိုရင်လည်း ဖျက်ပစ်





Fig-20-3

ချင်တဲ့ သူပေါ်ကို select မှတ်ပြီး အောက်မှာရှိတဲ့ Remove Button ကို တစ်ချက် ကလစ်ပေးလိုက်ပါ။

Group ဖွဲ့ပြီးသွားပြီဆိုရင်တော့ Fig-20-4 မှာ ပြထားတဲ့အတိုင်း call Group Button ကို တစ်ချက် ကလစ်လိုက်ပါ။ Screen ပေါ်မှာ Colour Change သွားပြီး screen ရဲ့ အောက်ခြေနားမှာ call bar လေး ပေါ်လာတာကို တွေ့ရပါလိမ့်မယ်။ ပြီးတော့ Group အဖွဲ့ထဲက လူ တစ်ယောက်ယောက် ဒီဖုန်းကို လက်မခံမချင်း Phone Ring Calling သံကို အဆက်မပြတ် ကြားနေရပါလိမ့်မယ်။




*Fig-20-4*

Group အဖွဲ့ထဲကလူတွေ တစ်ယောက်ပြီး တစ်ယောက် လက်ခံလာပြီဆိုရင်တော့ စတင်ပြီး ပြောဆိုဆွေးနွေးခန်း ဖွင့်လို့ရပါပြီ။ တစ်ယောက်က လက်ခံလိုက်ရင် အဲ့ဒီတစ်ယောက်ရဲ့ Profile ပုံက Screen ပေါ်မှာ Fig-20-5 အတိုင်း မြင်လာရပါလိမ့်မယ်။ အဖွဲ့လိုက် ဆွေးနွေးပြီး စကားစတင်ပြောလို့ ရပါပြီ။

တကယ်လို့ အချင်းချင်း စကားပြောလို့ မရဘူးဆိုရင် Screen အောက်နားမှာ ရှိတဲ့ Call bar မှာ သွားပြီးတော့ call setting ကို ချိန်ညှိနိုင်ပါတယ်။ Group အဖွဲ့ထဲက လူတစ်ယောက်နဲ့ စကားပြောပြီးသွားလို့ Ph Call ချချင်တယ်ဆိုရင်တော့ အဲ့ဒီလူရဲ့ Profile ပုံတစ်ပုံပေါ်ကို တစ်ချက်ကလစ်လိုက်ပါ။ ပြီးရင် Phone End Sign ဖြစ်တဲ့ အနီရောင် Icon လေးပေါ်ကို တစ်ချက်ကလစ်လိုက်ပါ။

အခု ဒီ Group ဖွဲ့ထားတဲ့ အဖွဲ့ကို Save လုပ်ထားချင်တယ်ဆိုရင် ဒီ Box ရဲ့ ညာဘက်အပေါ်နားမှာ Save group in contacts ဆိုတဲ့








*Fig-20-5*

စာသားပေါ်ကို တစ်ချက်ကလစ် နှိပ်ပြီး Save လုပ်ထားလို့ ရပါတယ်။ Save လုပ်ထားတဲ့ Group ကို နောက်တစ်ကြိမ် ပြန်ခေါ်တဲ့အခါမှာ ထပ်ပြီး Group ဖွဲ့စရာ မလိုတော့ပါဘူး။ တစ်ခါတည်း Contacts List မှာ ဒီ Group ကို ကလစ်ပြီး Call Group Button ကို တစ်ချက် ကလစ်ပေး လိုက်ရင် ရပါပြီ။

# အခန်း (၂၁)



# SMS & Instant messages ပေးပို့ခြင်း

## SMS & Instant Messages ပေးပို့ခြင်း

Skype ကို အသုံးတဲ့အခါတွင် တကယ့်ဖုန်းအစစ်ကို အသုံးပြုသကဲ့သို့ Instant Messages SMS Messages တွေလည်း ပေးပို့နိုင်ပါတယ်။ အသုံးပြုခကလည်း Free ပါပဲ။ တစ်ခါတစ်လေမှာ ဒီ Messages ပေးပို့တဲ့ နည်းကလည်း အသုံးဝင်လှပါတယ်။

စတင်သုံးဖို့အတွက် Skype အကောင့်ကို Log in ဝင်လိုက်ပါ။ Contacts tab တွင် Message ပို့ချင်တဲ့သူ၊ ဒါမှမဟုတ် Group အဖွဲ့လိုက်ကို ပို့ချင်တယ်ဆိုရင် Group ကို ရှာထားပါ။ အခုလေးတင် ဖုန်းနဲ့စကားပြောပြီးလို့ တစ်ခုခုပြောဖို့ ကျန်တဲ့အတွက် Message ပို့ချင်တဲ့သူဆိုရင် Recent tab ကို တစ်ချက် ကလစ်လိုက်ပါ။ Message ပို့ချင်တဲ့သူကို ရှာပါ။ ကိုယ်ပို့ချင်တဲ့ သူပေါ်ကို Fig-21-1 တွင် တွေ့ရသည့်အတိုင်း တစ်ချက် ကလစ်လိုက်ပါ။

Message ပို့ချင်တဲ့သူပေါ်ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ ညာဘက် Main window နေရာတွင် သူ့ Information နဲ့အတူ အောက်




*Fig-21-1*

ဘက်နားမှာ စာရေးပြီး Message ပို့နိုင်တဲ့ Box တစ်ခုကို တွေ့ရပါလိမ့်မယ်။ SMS လို့ ပေါ်နေတဲ့ နေရာအောက်တွင် Text Block တစ်ခု ရှိပါတယ်။ Message ပို့ချင်တဲ့ စာသားတွေကို ရိုက်ထည့်ပါ။ စာရိုက်ထည့်ပြီးပြီဆိုရင်တော့ Fig-21-2 တွင် တွေ့ရသည့် Send message button ကို တစ်ချက် ကလစ်ပေး လိုက်ပါ။ Button ကို ကလစ်မပေးပဲ စာရိုက် ပြီးတာနဲ့ Enter ခေါက်လိုက်ရင်လည်း ရပါတယ်။





*Fig-21-2*

**Instant Message Settings ပြောင်းလဲခြင်း**

SMS Message အသုံးပြုသကဲ့သို့ Instant messages သုံးတဲ့ အခါတွင်လည်း စိတ်ကြိုက် setting ပြောင်းလဲထားနိုင်ပါတယ်။ ပြီးတော့





Instant message ပို့တဲ့ Seting မြင်ကွင်းကိုလည်း စိတ်ကြိုက်ပြောင်းလဲနိုင်ပါတယ်။ Instant Message setting ပြောင်းချင်တယ် ဆိုရင်တော့ Tools menu မှ Options ကို တစ်ချက် ကလစ်လိုက်ပါ။ ဘယ်ဘက် Coloumn တွင်ရှိသော IM & SMS ကို ကလစ်ပေးပါ။

Instance Message ကို တခြားသူတွေဆီမှ စာကို လက်မခံဘဲ ကိုယ့်မိတ်ဆွေ သူငယ်ချင်း အချင်းချင်းပဲ လက်ခံချင်တယ် ဆိုရင်တော့ Contact list မှာရှိတဲ့ သူငယ်ချင်းတွေကိုပဲ လက်ခံမယ့် People in my contact list only check box တွင် ကလစ် ပေးထားပါ။ ဒါမှမဟုတ် အကုန်လုံးဆီက လက်ခံချင်တယ် ဆိုရင်တော့ Anyone ကို ကလစ်ပေးလိုက်ပါ။

နောက်တစ်ခုကတော့ ကိုယ့်ဆီပို့ထားတဲ့ Messages တွေကို သိမ်းထားတဲ့ History အကြောင်းပဲ ဖြစ်ပါတယ်။ History ကိုလည်း ကိုယ့်စိတ်ကြိုက် သိမ်းထားနိုင်ပါတယ်။ Skype အကောင့် စဖွင့်ခါစကတည်းက စပြီး လက်ရှိ အသုံးပြုသရွေ့ Skype မှာ ပြောထားတဲ့ history တွေကို သိမ်းထားချင်တယ် ဆိုရင်တော့ Fig-21-3 တွင်တွေ့ရသည့် အတိုင်း Forever ကို ရွေးထားလိုက်ပါ။ တကယ်လို့ ကိုယ့်ဆီမှာ ရှိနေတဲ့ history





*Fig-21-3*

တွေ အကုန်လုံးကို ရှင်းပစ်ချင်တယ် ဆိုရင်တော့ Foreever နောက်မှာရှိတဲ့ Clear history ကို တစ်ချက်ကလစ် ပေးလိုက်ပါ။ ဒီလို Clear လုပ်လိုက်တဲ့ history တွေကိုတော့ နောက်တစ်ခါ ဘယ်တော့မှ ပြန်ဖတ်လို့ ရတော့မှာ မဟုတ်ပါဘူး။ ကိုယ့်အကောင့်ထဲကနေ လုံးဝ ရှင်းထုတ်ပစ်လိုက်တာပဲ ဖြစ်ပါတယ်။





*Fig-21-4*

## IM Appearance ပြောင်းခြင်း

Messages တွေပို့တဲ့အခါမှာ လူလူချင်း အပြင်မှာ လက်တွေ့ စကားပြောနေသကဲ့သို့ ပြုံးတာ၊ မဲ့တာတွေအတွက် emoticons လို့ ခေါ်တဲ့ Emotion လေးတွေလည်း အသုံးပြုနိုင်ပါတယ်။ ဒါကတော့ Appearance ပြောင်းလဲခြင်းပါပဲ။ ကိုယ်အသုံးပြုမယ့် Font type ကိုလည်း ပြောင်းလဲထားနိုင်ပါသေးတယ်။ emotion တွေကို ဖော်ပြတဲ့အခါ ပေါ်စေဖို့အတွက် Show emoticons ကို အမှန်ခြစ်ခြစ်ထားပေးပါ။

လှုပ်ရှားတဲ့ Emotion ကိုပါ လိုချင်တယ်ဆိုရင်တော့ Show animated emoticons ကိုပါ အမှန်ခြစ် ပေးထားပါ။ အောက်တစ်ခုကတော့ Font အကြောင်းပါပဲ။ ကိုယ်လိုချင်တဲ့ Font အမျိုးအစားကို









*Fig-21-5*

Change font မှာ သွားရွေးထားလို့ ရပါတယ်။ အခုရွေးထားတဲ့ Setting အရကတော့ Tahoma Font ကိုမှ Font size ကို 8pt ရွေးထားပါတယ်။ Emotion Icon လေးတွေကို Fig-21-5 တွင် တွေ့ရပါလိမ့်မယ်။ ပို့ချင်တယ်ဆိုရင် တစ်ချက် ကလစ်ပေးလိုက်ပါ။ SMS Box ထဲသို့ ဝင်လာပါလိမ့်မယ်။ စာပါတွဲပို့မယ်ဆိုရင် စာရိုက်ပြီး ပုံမှန်အတိုင်း Enter ခေါက်လိုက်ပါ။

# အခန်း (၂၂)



Privacy Setting ကို control လုပ်ခြင်း

## Privacy settings ကို control လုပ်ခြင်း

Skype မှာ Privacy settings ကို အသုံးပြုပြီးတော့ Manage လုပ်နိုင်ပါတယ်။ မခေါ်စေချင်တဲ့ ဖုန်းကို မခေါ်နိုင်အောင်၊ ကိုယ်အသုံးပြုထားတဲ့ History တွေကိုလည်း လိုသလို Manage လုပ်နိုင်ပါတယ်။ နောက်ထပ် မလိုအပ်တဲ့ Spam messages တွေကို မဝင်နိုင်အောင် ကာကွယ် ပေးထားနိုင်ပါတယ်။ တခြားမလိုချင်တဲ့ Skype Account တွေ Phone Number တွေကို Block လုပ်ထားနိုင်ပါတယ်။

ပထမဆုံး ပုံမှန်အတိုင်း Skype Account ကို Sign In ဝင်ထားပါ။ Account Log in ဝင်သွားပြီဆိုရင် Fig–22- 1 မှာ ပြထားတဲ့အတိုင်း Menu bar မှာရှိတဲ့ Skype Menu မှ Privacy ကို Click လိုက်ပါ။

Privacy Settings Box ကျလာပြီဆိုရင် ဘယ်ဘက်မှာရှိတဲ့ Privacy settings ကို တစ်ချက်ကလစ် လိုက်တာနဲ့ Skype Account ပိုင်ရှင်အချင်းချင်း skype to skype ခေါ်နိုင်တဲ့ သူကို Control လုပ်နိုင်ပါတယ်။ Allow calls from အောက်တွင် Anyone နဲ့ People in my Contact list only ဆိုတဲ့ Check Box On-Off လုပ်နိုင်တဲ့ Control ကို တွေ့ရမှာ ဖြစ်




*Fig-22-1*

ပါတယ်။ ကိုယ့်မိတ်ဆွေ သူငယ်ချင်း အချင်းချင်းပဲ အဆက်အသွယ် ပြုလုပ်ချင်တယ်ဆိုရင် Fig-22-2 မှာ ပြထားတဲ့အတိုင်း People in my Contact list only ဆိုတာကို Check on လုပ်ထားပြီး တခြားမည့်သည့် Phone Call၊ Skype Account ကိုမဆို အဆက်အသွယ် ပြုလုပ်စေချင်တယ်ဆိုရင် Anyone ကို Check on လုပ်ထားပေးလိုက်ပါ။





*Fig-22-2*





Fig-22-3 မှာ တွေ့ရတဲ့အတိုင်း Video နဲ့ Screen sharing Fileတွေ အလိုအလျောက် ဝင်ရောက်မှုကိုလည်း ထိန်းချုပ်နိုင်ပါတယ်။ Anyone, People in my Contact list only နဲ့ ဘယ်သူဆီကမှ လက်မခံချင်ဘူးဆိုရင် No one ကို ကလစ်ပေးထားလို့ ရပါတယ်။





*Fig-22-3*

Under Allow IMS From Box မှာလည်း စိတ်ကြိုက် Setting ဖြစ်တဲ့ Anyone Or People in my Contact List ကြိုက်ရာ ပေးထားနိုင်ပါတယ်။






*Fig-22-4*

ကိုယ်အသုံးပြုနေကျ Browser မှာ Skype Button ကို အဆင်သင့် အလွယ်တကူ အသုံးပြုနိုင်အောင်လည်း ထည့်ထားနိုင်ပါတယ်။ Fig-22-4 တွင် ပြထားတဲ့အတိုင်း Allow my online status to be shown on the web ဆိုတဲ့ Box မှာ အမှန်ခြစ်လေး ခြစ်ပေးခဲ့ရပါမယ်။

## အခန်း (၂၃)



## History ကို Manage လုပ်ခြင်း

# History ကို Manage လုပ်ခြင်း

Skype ကို အသုံးပြုပြီးတော့ စကားပြောခြင်း၊ typing ရိုက်ပြီး chatting အသုံးပြုခြင်းတွေ လုပ်တဲ့အခါမှာ ကိုယ်ပြောခဲ့တဲ့ စကား၊ တစ်ဖက်လူက ကိုယ့်ကိုပြောတဲ့ စကားတွေကို ပြန်ကြည့်ချင်ရင် History ထဲမှာ ပြန်ကြည့်လို့ ရပါတယ်။ History ကို အသုံးပြုတဲ့ နေရာမှာလည်း ရက်ကန့်သတ်ချက် ပေးထားရင် ပေးထားတဲ့ ရက်အတွင်းမှာ History တွေ အကုန်ရှိနေမှာဖြစ်ပြီး သူ့ရက်ကျော်သွားရင်တော့ Auto Delete လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ History ကို ဘယ်နှစ်ရက်လောက် သိမ်းထားချင်လဲဆိုတာကို ကိုယ်တိုင် Command ပေးထားနိုင်ပါတယ်။

Skype History setting ကို ပြောင်းချင်တယ်ဆိုရင် Fig-23-1တွင် မြင်ရတဲ့အတိုင်း Skype menu မှ Privacy ကို တစ်ချက် ကလစ်လိုက်ပါ။ အဲ့ဒီ Box မှ Keep history for ဆိုတဲ့ နေရာကို မြင်ရပါလိမ့်မယ်။ ပုံမှာ ပြထားတဲ့အတိုင်း History ကို လုံးဝ မသိမ်းထားချင်ဘူးဆိုရင် no history ကို ရွေးထားလိုက်ပါ။ အကောင့် စသုံးခါစမှစပြီး နောက်ပိုင်း ပြောသမျှ

History ကို ထိန်းသိမ်း ထားချင်တယ် ဆိုရင်တော့ Forever ကို ရွေးထား လိုက်ပါ။ 2 weeks, 1month, 3 mnths စသည့် ကာလ အပိုင်းအခြား တွေနဲ့လည်း History ကို ထိန်းသိမ်းထားနိုင်ပါတယ်။





*Fig-23-1*

History မှာ ဘာမှမထားချင်တော့ဘူး ဆိုရင်တော့ Clear history နဲ့ ရှင်းပစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီ Clear History ကို သုံးတဲ့အခါမှာတော့ Instant messages, calls, voicemails တွေ text messages တွေ ကိုယ့်ဖက်ကနေ ပို့ထားတဲ့အရာတွေ Files တွေ အကုန်လုံး အပါအဝင် History အကုန်လုံးကို ရှင်းပစ်လိုက်မှာပါ။

# အခန်း (၂၄)



# Contact List မှသူကို Block လုပ်ခြင်း

## Contact List မှသူကို Block လုပ်ခြင်း

Sype ကို အသုံးပြုတဲ့အခါမှာ G-talk တို့၊ တခြား Chatting ဆော့ဝဲလ်တွေကို အသုံးပြုသလိုမျိုးပဲ ကိုယ်မဆက်ဆံချင်တော့တဲ့ သူ၊ စကားမပြောချင်တဲ့သူတွေကို Block လုပ်ထားလို့ ရပါတယ်။ Block လုပ်ထားတဲ့ သူတွေနဲ့ ပြန်ပြီးစကားပြောချင်တယ် ဆိုရင်လည်း ပြန်ပြီး unblock လုပ်လို့ ရပါတယ်။

အခု Block လုပ်နည်းကို စပြီးသုံးကြည့်ပါမယ်။ ပထမဆုံး အကောင့်ကို Sign in ဝင်ထားပါ။ ပြီးရင် Contacts tab ကို ကလစ်လိုက်ပါ။ Contacts list ကို ကလစ်လိုက်တဲ့ အချိန်မှာ သူငယ်ချင်း List တွေ ကျလာပါလိမ့်မယ်။ အဲ့ဒီထဲကမှ ကိုယ်စကားမပြောချင်တဲ့









*Fig-24-1*

သူပေါ်ကို Right click ကို နှိပ်လိုက်ပါ။ Right click နှိပ်လိုက်တဲ့ အချိန်တွင် Fig-24-1 မှာ ပြထားတဲ့အတိုင်း Block This Person ကို ကလစ်ပေးလိုက်ပါ။




*Fig-24-2*

Block This Peerson Box ကျလာတဲ့ အခါမှာတော့ Fig-24-2 တွင် တွေ့ရသည့်အတိုင်း Block ကိုပဲ တစ်ချက် ထပ်ကလစ်ပေးလိုက်ပါ။ ဒါဆိုရင် Block လုပ်ထားတဲ့သူနဲ့ ထပ်ပြီး ဆက်သွယ်လို့ ရတော့မှာမဟုတ်ပါဘူး။ သူ့ဖက်ကနေလည်း အဆက်အသွယ်လုပ်လို့ရမှာမဟုတ်ပါဘူး။ ဒါပေမယ့် Block လုပ်ထားတာကို Unblock လုပ်၍ ပြန်ပြီး အဆက်အသွယ် ပြုလုပ်နိုင်ပါတယ်။

# အခန်း (၂၅)



## Block လုပ်ထားသူအား Unblock ပြန်လုပ်ခြင်း

## Block လုပ်ထားသူအား Unblock ပြန်လုပ်ခြင်း

တစ်ခါတစ်လေကျရင် Block လုပ်ထားတဲ့သူနဲ့ အရေးတကြီး စကားပြောဆိုစရာ အကြောင်းအရာတွေ ဖြစ်လာတတ်ပါတယ်။ အဲ့ဒီ အချိန်ကျရင်တော့ ဒီ Unblock နည်းလေးကို သုံးပြီး ပြန်ခေါ်နိုင်ပါတယ်။ Skype အကောင့် ပွင့်လာပြီဆိုရင် Skype Menu မှ Privacy ကို ကလစ် ပေးလိုက်ပါ။ Block လုပ်ထားတာကို ပြန်ပြီး စကားပြောဆို နိုင်ဖို့အတွက် Block Contacts ကို သွားရမှာပဲ ဖြစ်ပါတယ်။ Fig-25-1 မှာ ပြထားတဲ့ အတိုင်း Blocked contacts ဆိုတဲ့ နေရာကို တစ်ချက် ကလစ်လိုက်ပါ။





*Fig-25-1*



Block Contacts ကို ကလစ်လိုက်တဲ့ အချိန်မှာ ညာဘက် Main Window တွင် Block လုပ်ထားတဲ့သူရဲ့ List ကို တွေ့ရပါလိမ့်မယ်။ အခု ဒီမှာတော့ ၂ ယောက်ကို Block လုပ်ထားတဲ့အတွက် နာမည် ၂ ခုတွေ့ရမှာ ဖြစ်ပါတယ်။ Unblock ပြန်လုပ်ချင်တဲ့ သူပေါ်ကို တစ်ချက် ကလစ် လိုက်ပါ။





*Fig-25-2*

Fig-25-2 မှာ ပြထားတဲ့အတိုင်း Unblock this person ဆိုတဲ့ Button ကို မြင်ရပါလိမ့်မယ်။ Unblock ပြန်လုပ်ချင်တဲ့အတွက် သူ့ပေါ်ကို တစ်ချက်ပြန် ကလစ်ပေးလိုက်ပါ။ အခုဆိုရင်တော့ Unblock ပြန်လုပ်ထားတဲ့သူနဲ့ အဆက်အသွယ် ပြန်ပြီးလုပ်နိုင်ပြီ ဖြစ်ပါတယ်။

# အခန်း (၂၆)



# Screen ကို share လုပ်ခြင်း

## Screen ကို Share လုပ်ခြင်း

Screen ကို Share လုပ်ခြင်းဟာ Free အနေနဲ့ Skype ကို အသုံးပြုနိုင်ပါတယ်။ ဥပမာ - Facebook Profile တွေမှာလိုမျိုး Presentations တွေ၊ သူငယ်ချင်း မိတ်ဆွေအမှတ်တရ ဓါတ်ပုံတွေကို Sending လုပ်စရာမလိုဘဲ ကိုယ့် Profile ကို အလှဆင်နိုင်ပါတယ်။ ဒါပေမယ့် အခုအသုံးပြုမယ့်နည်းကို Skype Latest Version နဲ့ပဲ အသုံးပြုနိုင်ပါတယ်။ အင်တာနက်ကော်နက်ရှင်း ကောင်းကောင်းရှိမှလည်း အဆင်ပြေမှာပါ။ နောက်တစ်ခုကတော့ မိမိကွန်ပျူတာမှာ 1 GHz CPU and 512 MB memory အနည်းဆုံးရှိမှ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ Screen ကို Share လုပ်ဖို့အတွက် Share လုပ်မယ့်သူကို Voice call ဒါမှမဟုတ် Video call ခေါ်ရပါမယ်။ Profile Share လုပ်တဲ့သဘောက စကားပြောရင်းနဲ့ ကိုယ့်ရဲ့ Page ကိုပါ ပြပေးတဲ့သဘောပဲ




*Fig-26-1*

ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် ခေါ်ပြီးသွားတဲ့ အချိန်မှာ၊ Fig-26-1 မှာ တွေ့ရတဲ့ (+) Sign Button ကို ကလစ်လိုက်ပါ။ ပေါ်လာတဲ့ Submenu မှ Show entire screen ကို Select မှတ်ပေးပါ။

Show entire screen ကို ကလစ်လိုက်တဲ့ အချိန်မှာ Start Sharing your screen with your Alex Copper ဆိုပြီး Share လုပ်မယ့် သူငယ်ချင်းရဲ့ နာမည်နဲ့အတူ ကိုယ့် Profile ကို Share စတင်လုပ်နိုင်မယ့် Box ကို Fig-26-2 မှာ ပြထားတဲ့အတိုင်း မြင်ရမှာပဲ ဖြစ်ပါတယ်။





*Fig-26-2*





ဒီ Box ကို မြင်ရပြီဆိုရင်တော့ Start Button မှာ တစ်ချက်ကလစ်ပေးလိုက်ပါ။

ဒီလို Screen ကို Share ပေးတဲ့ နေရာမှာ Screen တစ်ခုလုံးကို Share ပေးတာနဲ့ Specific window အနေနဲ့ Share window လို့ဆိုပြီး နှစ်မျိုး ရှိပါတယ်။




*Fig-26-3*

Specific Window အနေနဲ့ Share ပေးချင်တယ်ဆိုရင် Fig-26-3 မှာ ပြထားတဲ့အတိုင်း Share Window ဆိုတာကို ကလစ်ပေး လိုက်ပါ။ Share လုပ်တော့မယ်ဆိုရင် Start ပြန်လုပ်ပေးပါ။ Share လုပ်တဲ့ အခါမှာလည်း Screen Share လုပ်မယ့် Style တွေကို ပြောင်းလဲနိုင်ပါတယ်။

# အခန်း (၂၇)



# Connection setting ချိန်ညှိခြင်း

## Connection setting ချိန်ညှိခြင်း

Skype နဲ့ ဖုန်းပြောတဲ့အခါမှာ Connection ကောင်းမှ အဆင်ပြေမှာပါ။ ဒီလို Connection setting ချိန်ဖို့အတွက် မိမိအသုံးပြုတဲ့ Connection Number ကို သိရပါမယ်။ Connection setting သုံးရမယ့်နေရာမှာ မသုံးဘဲထားရင် Sign in တောင်ဝင်လို့ရမှာ မဟုတ်ပါဘူး။ Connection Error ဆိုပြီး ပြနေတာကို တွေ့ရပါတယ်။ ဒါကြောင့် Connection setting ကို ပြင်ကြည့်ပါဦးမယ်။

ပထမဆုံး Account ကို Sign in ဝင်ထားပါ။ Fig-27-1 တွင်တွေ့ရသည့်အတိုင်း Tools menu မှ Option ကို ကလစ်လိုက်ပါ။

Option ကို ကလစ်လိုက်တဲ့ အချိန်မှာ Fig-27-2 တွင် တွေ့ရသည့်အတိုင်း Option Box ကျလာပါလိမ့်မယ်။ ဘယ်ဘက်တွင်ရှိသော Button တွေမှ Advanced ကို ကလစ်လိုက်ပါ။ Advanced အောက်တွင်ကျလာတဲ့ Button တွေမှ တစ်ဆင့် Connection ကို တစ်ချက်ထပ်ကလစ် ပေးလိုက်ပါ။ အဲ့ဒီနေရာတွင် Connection setting ထည့်




Fig-27-1





Fig-27-2





ပေးရမည့် နေရာကို တွေ့ရပါလိမ့်မယ်။ Use Port 80 and 443 as alternatives for incoming connection ကို အမှန်ခြစ်လေး ပေးထားပါ။ အောက်တွင် ရှိသော Drop Down Box မှ HTTPS ကို ရွေးထားပါ။ ဒါဆိုရင် dk Host နဲ့ Port က လင်းလာပါလိမ့်မယ်။ ကိုယ်အသုံးပြုတဲ့ connection setting နဲ့ Port setting ကို ရိုက်ထည့်ပေးလိုက်ပါ။ ပြီးရင်တော့ Save button ကို တစ်ချက်ကလစ်ပြီး Sing in ဝင်ပြီးတော့ ပြန်စမ်းကြည့်ပါ။

# အခန်း (၂၈)



## Phone Call အတွက် အသံ Voice setting ချိန်ညှိခြင်း

## Phone Call အတွက် အသံ Voice setting ချိန်ညှိခြင်း

Skype ကို အသုံးပြုတဲ့အခါမှာ အသံမကြားရတဲ့ အချိန်မှာ Voice setting ကို ချိန်ညှိပြီး ပြန်လည်စမ်းသပ် အသုံးပြုလို့ ရပါတယ်။ Skype အကောင့်ကို Sign in ဝင်ထားပါ။ အသံပိုင်းဆိုင်ရာ Setting ပြင်ဖို့အတွက် Fig-28-1 တွင်ပြ ထားသည့်တိုင်း Tools Menu မှ Options ကို တစ်ချက်





*Fig-28-1*

## Video Call အတွက် ရုပ် Video setting ချိန်ညှိခြင်း

Skype ကို အသုံးပြုတဲ့အခါမှာ ဟိုဖက်ဒီဖက် ရုပ်ပါမြင်ပြီး စကားပြောနိုင်တာဟာ သူ့ရဲ့ အားသာချက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်လေမှာ မိမိအသုံးပြုတဲ့ စက်မှာ Web cam လည်း တပ်ထားရဲ့သားနဲ့ ရုပ်မမြင်ရတာတွေ ရှိတတ်ပါတယ်။ ဒါကြောင့် ဒီ Webcam ကို အသုံးပြုနည်းကလည်း အသုံးဝင်ပါတယ်။




*Fig-29-1*





ပုံမှန်အတိုင်း Skype အကောင့်ကို Sign in ဝင်ထားပါ။ ရုပ်ပိုင်းဆိုင်ရာ Setting ပြင်ဖို့အတွက် Fig-29-1 တွင် ပြထားတဲ့တိုင်း Tools Menu မှ Options ကို တစ်ချက် ကလစ်လိုက်ပါ။





*Fig-29-2*

Tools Menu မှ Options ကို ကလစ်လိုက်တဲ့ အချိန်မှာတော့ Fig-29-2 မှာ ပြထားတဲ့အတိုင်း Skype Software ၏ Setting ပိုင်းဆိုင်ရာတွေ ပြင်ဆင်ရန် နေရာဖြစ်တဲ့ Options Box ကို တွေ့ရမှာပဲ ဖြစ်ပါတယ်။ Video Setting ပြင်ဖို့အတွက် Setting ပေါ်ကို တစ်ချက်ကလစ် လိုက်ပါ။ ညာဖက်တွင် Video setting set up your webcam ဆိုတဲ့ စာသားနဲ့ အတူ Wecam name ရွေးပေးရမယ့် နေရာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီနေရာတွင် Enable skype video ကို တစ်ချက်အမှန်ခြစ် ကလစ်ပေးပြီး Select webcam ဆိုတဲ့ နေရာမှာတော့ မိမိ Install လုပ်ထားတဲ့ Webcam Driver ရဲ့ နာမည်ကို ထည့်ပေးရမှာပဲ ဖြစ်ပါတယ်။

Setting အကုန် ချိန်ပြီးသွားပြီဆိုရင်တော့ အောက်တွင်ရှိတဲ့ Save Button ကို တစ်ချက် ကလစ်ပေးလိုက်ပါ။

Skype ကို အသုံးပြုပြီး စကားပြောတဲ့အခါတွင် သူ့ဘက် ကိုယ့်ဘက် webcam တပ်ထားပြီးတဲ့ အချိန်မှာတော့ အသံ ရောရုပ်ပါ ကြားရမြင်ရတော့မှာပဲ ဖြစ်ပါတယ်။

# အခန်း (၁၀)



# Skype ကို Protable လုပ်၍ အသုံးပြုခြင်း

# Skype ကို Portable လုပ်၍ အသုံးပြုခြင်း

Software တွေကို Portable လုပ်၍ အသုံးပြုခြင်းဟာ ဟိုသွား ဒီသွား၊ ကိုယ့်စက်နဲ့ကိုယ် မဟုတ်တဲ့ သူတွေအတွက် အလွန်အသုံးဝင်ပါတယ်။ တစ်ခါတစ်လေ အင်တာနက်ဆိုင်တွေကို သွားပြီး Skype ကို အသုံးပြုချင်တဲ့အခါ ကိုယ်သုံးတဲ့စက်မှာ Skype software မရှိရင် စိတ်ရှုပ်ရပါတယ်။ တကယ့် Software အစစ်ကို Install လုပ်တဲ့အခါမှာလည်း အချိန်ကြာပါတယ်။ အဲ့ဒီတော့ အလွယ်တကူ မြန်မြန်ဆန်ဆန် Portable လေးလုပ်ထားပြီး သွားလေရာမှာပါတဲ့ Stick နဲ့ အသုံးပြုတဲ့အခါမှာတော့ အချိန်ကုန် စိတ်ပင်ပန်း သက်သာစေပါတယ်။

Skype Portable ကို Portable website တွေကနေလည်း အဆင်သင့် Download လုပ်၍ အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် Skype ကို Portable လုပ်တာကလည်း လွယ်ကူတာကြောင့် ဒီနည်းကို ဖော်ပြလိုက်ပါတယ်။

ဒီနည်းကို သုံးတဲ့အခါမှာ သွားလေရာမှာ ပါနိုင်မယ့် Memory stick, Portable Hard disk, Mp3 mp4 စတဲ့ Drive တစ်ခုခု လိုပါတယ်။ ဒါမှလည်း ကိုယ်အသုံးပြုတဲ့ စက်မှာ တပ်ပြီး အဆင်သင့် အသုံးပြုနိုင်





မှာ ဖြစ်ပါတယ်။ အခုတော့ Memory Stick နဲ့ အသုံးပြုကြည့်ပါမယ်။ Memory Stick ကို စက်မှာတပ်လိုက်လို့ Stick တတ်လာပြီဆိုလျှင် ပထမဆုံး Fig-30-1 မှာ ပြထားတဲ့အတိုင်း Foler အသစ်တည်ဆောက်ပြီး Skype Portable လို့ နာမည်ပေးလိုက်ပါ။




*Fig-30-1*

Fig-29-1 အတိုင်း Folder တည်ဆောက်ပြီးသွားရင်တော့ ဒီအတိုင်း ထားလိုက်ပါ။ အခု Portable မလုပ်ခင် လက်ရှိသုံးနေတဲ့ စက်မှာ Skype ကို Install လုပ်ပြီးသား ဖြစ်နေရပါမယ်။ အဲ့ဒီအတွက် Skype Program ရဲ့ လမ်းကြောင်းအတိုင်းဖြစ်တဲ့ C:\ Program Files\ Skype \ Phone ထဲကိုသွားပါ။ အဲ့ဒီလမ်းကြောင်းအတိုင်း ရောက်ပြီဆိုရင်တော့ Fig-30-2 မှာ တွေ့ရတဲ့ ပုံအတိုင်း Skype Software ပုံစံအတိုင်း တွေ့ရပါလိမ့်မယ်။ လေးထောင့်ကွက်နဲ့ ပြထားပေးပါတယ်။ အဲ့ဒီ .exe File ကို Copy ကူးလာပါ။ ပြီးရင် ခုနက Create လုပ်ထားတဲ့ Stick ထဲမှ Skype Portable Folder ထဲသို့ Paste လုပ်လိုက်ပါ။

အခုနောက်တစ်ဆင့် လုပ်ရမှာက Skype Portable လုပ်ဖို့အတွက် အဓိကကျတဲ့ Path လမ်းကြောင်းကို Notepad ကနေရေးပြီး Program ပုံစံလုပ်ပေးရမှာပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် Notepad ကို




Fig-30-2

ခေါ်လိုက်ပါမယ်။ Run Command မှာ notepad လို့ ရိုက်ထည့်လိုက်ရင် Notepad Program run လာပါလိမ့်မယ်။ ပြီးရင် skype.exe/datapath: "Data"/ removable လို့ Fig-30-3 မှာ တွေ့ရတဲ့အတိုင်း Notepad ထဲမှာ ရိုက်ထည့် လိုက်ပါ။

Fig-30-3 အတိုင်း စာရိုက်ထည့် ပြီးသွားရင်တော့ Save လုပ်ပေး





Fig-30-3





ရမှာပဲ ဖြစ်ပါတယ်။ Notepad မှာ ရိုက်ထည့်ထားတဲ့ဟာကို Save လုပ်ဖို့ အတွက် Memory Stick ထဲမှာ ရှိတဲ့ Skype Portable Folder ထဲမှာ Save လုပ်ရပါမယ်။ အဲ့ဒီအတွက် Memor stick ထဲမှာ Data ဆိုတဲ့ Folder တစ်ခု ထပ်ပြီးတည်ဆောက် ထားရပါမယ်။ လမ်းကြောင်း အနေ နဲ့ကတော့ My Computer / Stick Drive / Skype Portable / Data ထဲမှာ သိမ်းပေးရမှာပါ။ Data ထိလမ်းကြောင်း ရောက်ပြီဆိုရင် Fig-30-4 မှာ ပါတဲ့အတိုင်း Skype.bat ဆိုတဲ့ File နဲ့ Save လုပ်ပေးလိုက်ပါ။





Fig-30-4

Save လုပ်ပြီးသွားပြီ ဆိုရင်တော့ Fig-30-5 မှာ မြင်ရတဲ့အတိုင်း Skype Portable Folder ထဲမှာ exe file တစ်ခုနဲ့ Data Folder တစ်ခုကို မြင်ရမှာပဲ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ အခုချိန်ကစပြီး Skype Portable ကို အသုံးပြုလို့ ရပါပြီ။ အင်တာနက်ဆိုင်တွေမှာ သွားသုံးလို့ Skype ဆော့ဝဲလ် မရှိတာတွေကိုလည်း ပူစရာမလိုတော့ပါဘူး။




Fig-30-5




Fig-30-6





Skype Portable Foleder မှ Skype program ကို run လိုက်တဲ့ အချိန်မှာတော့ Fig-30-6 မှာ မြင်ရတဲ့အတိုင်း ပုံမှန် Skype Software ကို အသုံးပြုတဲ့ အတိုင်းပဲ Skype ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Create Account Box ပါ တန်းကျလာပါမယ်။ ကိုယ့်ဆီမှာ အကောင့်ရှိပြီးသားဆိုရင် Create Account Box ကို ပိတ်ပြီး Log in တန်းဝင်နိုင်ပါတယ်။ Skype Portable ကလည်း အတည်တကျ စက်မရှိတဲ့ သူတွေအတွက် အသုံးဝင်တဲ့ နည်းလေးပဲ ဖြစ်ပါတယ်။

## အခန်း (၃၁)



## Skype အသုံးပြုဖို့အတွက် Hardware လိုအပ်ချက်

## Skpe အသုံးပြုဖို့အတွက် Hardware လိုအပ်ချက်

လက်ရှိ ကိုယ်အသုံးပြုနေတဲ့ ဆော့ဝဲလ်နဲ့ပတ်သက်တဲ့ ကွန်ပျူတာ Hardware လိုအပ်ချက်တွေကိုလည်း အနည်းငယ် သိထားသင့်ပါတယ်။ ဒါကြောင့် Computer System Requirement ကိုလည်း ဖော်ပြလိုက်ပါတယ်။ အခုအောက်ပါ ဖော်ပြချက်တွေကတော့ စက်တစ်လုံးမှာဒီ Skype ဆော့ဝဲလ် အသုံးပြုဖို့အတွက် လိုအပ်တဲ့ အနည်းဆုံး Hardware လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီထက် အဆင့်မြင့်ကောင်းမွန်တဲ့ Hardware အသုံးပြုရင်တော့ ပိုပြီးကောင်းမွန်ပါတယ်။

အဓိကကတော့ Internet ဖုန်းတွေ ခေါ်ဆိုတဲ့အခါမှာ Internet Connection ကောင်းဖို့အတွက်လည်း လိုအပ်ပါတယ်။ Operating System မှာ ဆိုရင် Windows 2000, Window XP, Window Vista စတဲ့ window တွေ အသုံးပြုနိုင်ပါတယ်။ Voice and video calls နှစ်ခုစလုံးသုံးဖို့အတွက်ဆိုရင် processor အနေနဲ့ အနည်းဆုံး 1GHz ရှိတာအကောင်းဆုံးပါပဲ။ RAM Memory အတွက်ဆိုရင်တော့ အနည်းဆုံး 256 MB RAM ရှိရပါမယ်။

နောက်ထပ် အရေးကြီးတာကတော့ Speakers နဲ့ microphone ကောင်းကောင်းတစ်စုံ လိုအပ်ပါတယ်။ လူတော်တော် များများဟာ ဈေးသက်သာတဲ့ headset (microphone and earphones) ကို အသုံးပြုနေကြပါတယ်။ တစ်ခါတစ်လေ ကွန်နက်ရှင်ကြောင့် မဟုတ်ဘဲ ဒီဈေးပေါတဲ့ headset တွေကြောင့်လည်း အခက်အခဲ ကြုံတွေ့နိုင်ပါတယ်။ ဒါကြောင့် မလိုအပ်ဘဲ အခက်အခဲ မကြုံရအောင် headset ကောင်းကောင်းမွန်မွန်၊ ဈေးအသင့်အတင့်ရှိတဲ့ဟာကို သုံးစွဲကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ရပ်ဝေးမြေခြား မိတ်ဆွေများနဲ့ မိသားစုဝင်များကို
အချိန်တိုတိုအတွင်း အကုန်အကျသက်သာစွာ
အင်တာနက်ကနေ ဖုန်းခေါ်ချင်တယ်ဆိုရင်တော့
skype ကို စမ်းသုံးကြည့်လိုက်ပါ။
ဘယ်လို သုံးရမယ်ဆိုတာ ဒီစာအုပ်မှာ
အသေးစိတ် ရေးထားပါတယ်။

# skype
# အသုံးပြုနည်း

စုကြည်ထွေး

Design :
NayMin(Knowledge Bridge),
2012